မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်၊ ၂၀၁၀ ခုနှစ်၊ ဧပြီ ၁၅ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၉၇)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်
Royal Myanmar Golf & Country Club
ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် ဧပြီ ၁၄

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့နံနက် ၅ နာရီ ၄၅ မိနစ်တွင်ကျင်းပသည့် နေပြည်တော် ဇမ္ဗူသီရိမြို့ရှိ Royal Myanmar Golf & Country Club ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်၍ ကမ္ပည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ *စာမျက်နှာ ၃ ကော်လံ ၁ ✻*

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် Royal Myanmar Golf & Country Club ဖွင့်ပွဲ ကမ္ပည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဂေါက်သီးရိုက် ဖွင့်လှစ်ပေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၁၀ ခုနှစ် နေပြည်တော် မဟာသင်္ကြန် Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲတွင် Smoke Ball ကို ရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်
၂၀၁၀ ခုနှစ် နေပြည်တော် မဟာသင်္ကြန်
Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်လှစ်ပေး

နေပြည်တော် ဧပြီ ၁၄

၂၀၁၀ ခုနှစ် နေပြည်တော်မဟာသင်္ကြန် Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့**(သင်္ကြန်အကျနေ့)** နံနက်ပိုင်းတွင် နေပြည်တော်ရှိ Royal Myanmar Golf & Country Club ဂေါက်ကွင်း၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

တက်ရောက်

အဆိုပါ နေပြည်တော်မဟာသင်္ကြန် Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင် အသင်း ၂၀ မှ အားကစားသမားများ တက်ရောက်ကြသည်။

ဖွင့်လှစ်ပေး

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို အဆိုပါဂေါက်ကွင်း ကျင်းအမှတ်(၁)၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော်မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် Royal Myanmar Golf & Country Club ဥက္ကဋ္ဌ ဦးချစ်ခိုင်တို့က Smoke Ball များကိုရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြသည်။

အလှည့်ကျ

နေပြည်တော်မဟာသင်္ကြန် Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲကို နေပြည်တော်ဂေါက်ကွင်း၊ မြို့တော်ဂေါက်ကွင်းနှင့် Royal Myanmar Golf & Country Club ဂေါက်ကွင်းတို့၌ ဧပြီ ၁၆ ရက်အထိ ကွင်းအလိုက် ကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲဝင်အသင်း ၂၀ တို့မှ အားကစားသမား ၁၂၀ တို့သည် တစ်နေ့လျှင် ဂေါက်ကွင်းတစ်ကွင်းကျစီ အုပ်စုအလိုက် အလှည့်ကျလှည့်လည်၍ ဂေါက်သီးရိုက် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

နေပြည်တော်မဟာသင်္ကြန် Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲသည် ဂေါက်ကွင်းအလိုက် တစ်ဦးချင်းနှင့် အသင်းလိုက်ဆုများ ချီးမြှင့်သည့်အပြင် ဂေါက်ကွင်း သုံးကွင်း၌ သုံးရက်ပေါင်း အကောင်းဆုံးတစ်ဦးချင်းနှင့် အသင်းလိုက် ရိုက်ချက်ဆုများကိုပါ ချီးမြှင့်သောပြိုင်ပွဲဖြစ်သည်။

(သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဧပြီ ၁၅ ရက်)

ပြည်ထောင်စုတစ်ဝန်း လမ်းပန်းဆက်သွယ်ရေး ကွန်ရက်ဖြင့် လွှမ်းခြုံဆက်စပ်နိုင်ပြီ

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး ကဏ္ဍအသီးသီး၌ ဘက်ပေါင်းစုံက ဖြည့်ဆည်းပေးလျက်ရှိရာ ဧရာဝတီတိုင်းလည်း အပါအဝင်ဖြစ်သည်။

ဧရာဝတီတိုင်းအတွင်း လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းဝင်လမ်းသစ်ကြီးများကို ဖောက်လုပ်ပေးလျက်ရှိရာ စီမံကိန်းဝင် လမ်းသစ် ၁၀လမ်းနှင့် မူလလမ်းများ ဆက်စပ်ပေါင်းစည်းခြင်းဖြင့် ဧရာဝတီတိုင်းတစ်တိုင်းလုံးကို လွှမ်းခြုံသည့်လမ်းကွန်ရက်များ ဖြစ်ပေါ်လာတော့မည် ဖြစ်သည်။

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ပုသိမ်-ကံကုန်း-မြင်းကဆိပ်-မြောင်းမြလမ်းပေါ်ရှိ ညောင်ချောင်းတံတားဖွင့်ပွဲအခမ်းအနားကို ဧပြီလ ၁၂ရက်နေ့က ကျင်းပခဲ့သည်။

ပြည်နယ်နှင့်တိုင်းများအနက် ဧရာဝတီတိုင်းသည် တံတားအများဆုံး တည်ဆောက်ထားသော တိုင်းဖြစ်သည်။ ညောင်ချောင်းတံတား ဖွင့်လှစ်နိုင်ခဲ့၍ မြောင်းမြ-ဝါးခယ်မ-အိမ်မဲမြို့နယ်တို့ရှိကျေးရွာများမှ တိုင်းရင်းသားပြည်သူများ ပုသိမ်နှင့်ရန်ကုန်သို့ လွယ်လင့်တကူ ကူးသန်းသွားလာနိုင်ကြပြီဖြစ်သည်။

ဧရာဝတီတိုင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းမကြီးများ၊ တံတားများ၊ ဆည်မြောင်းတာတမံကြီးများ အပါအဝင် ပညာရေး၊ ကျန်းမာရေး၊ လူမှုဖွံ့ဖြိုးရေးနှင့်စပ်လျဉ်းသည့် အခြေခံအဆောက်အအုံများကို ဖြည့်ဆည်းတည်ဆောက်ပေးခဲ့သည်။

နာဂစ်မုန်တိုင်းကျရောက်အပြီးတွင် ဧရာဝတီတိုင်း မြစ်ဝကျွန်းပေါ်ဒေသကို အချိန်တိုအတွင်း ပြန်လည်ဖွံ့ဖြိုးတိုးတက်စေရန် အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ရာ ဧရာဝတီတိုင်း၏ စီးပွားရေးသည် လယ်ယာကဏ္ဍ၌ မိုးစပါးဧက ၃၇သိန်း စိုက်ပျိုးနိုင်ခဲ့ပြီး နွေစပါးကိုလည်း လျာထားဧက ၁၃သိန်းပြည့်မီရန် စိုက်ပျိုးမည်ဖြစ်၍ မိုးစပါး၊ နွေစပါးဧက သိန်း ၅၀ စိုက်ပျိုးပြီး နိုင်ငံတော်၏ စပါးကျီတာဝန်ကို ကျေပွန်စွာ ထမ်းရွက်လျက်ရှိသည်။

ဤကဲ့သို့ ညောင်ချောင်းတံတား ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြင့် ဒေသခံပြည်သူများ ကူးသန်းဆက်သွယ်မှုလွယ်ကူချောမွေ့လာမည်ဖြစ်သကဲ့သို့ ဧရာဝတီတိုင်းမှထွက်ရှိသည့် ရေထွက်ပစ္စည်းများနှင့် ဆန်စပါးများကို ပြည်ထောင်စုတစ်ဝန်းလုံးသို့ အချိန်တိုအတွင်း ပို့ဆောင်နိုင်မည်ဖြစ်၍ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၄-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ဓမ္မဂီတသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **အမေရိက်မှ ပိုနာသည်** တရားတော် (ဆရာတော်ဦးသုခေမိတ)
၇:၀၀ MRTV-4 သတင်း
၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၈၁)
၈:၃၀ Sports World (Game)
၈:၅၅ ၂၀၁၀ သင်္ကြန်အကျနေ့မြင်ကွင်း
၉:၁၀ ခါသင်္ကြန်အဆိုအက
၉:၃၀ ဂီတသရုပ်ပြခန်း (သင်္ကြန်တေးလက်ဆောင်-၂)
၉:၅၅ ဂျူချဲအိုင်ဒီယာ၏ သမိုင်းကြောင်း
၁၀:၁၀ Activities in the City (အထက-၂ လမ်းမတော် အာစရိယပူဇော်ပွဲ)
၁၀:၃၀ Make in a Delicious Way (တရုတ်နိုင်ငံ ယူနန်ပြည်နယ်မှ စွဲမက်ဖွယ်ရာ အစားအစာများ)
၁၀:၅၅ လော့ကားဥယျာဉ်မှာ အပန်းဖြေရင်း သုတရှာမှီးမယ်
၁၁:၁၀ အနာဂတ်ရဲ့ အလင်းရောင်
၁၁:၃၅ ဈေးဝယ်လမ်းညွှန် (G-Star)
၁၁:၅၅ အံ့ဖွယ်ထူးခြားဖြစ်စဉ်များနှင့် ဖူးမဝတဲ့ ဆံတော်ရှင် ဦးဇိနစေတီ
၁၂:၀၀ ဂျူချဲအိုင်ဒီယာ၏ သမိုင်းကြောင်း
၁၂:၂၀ ရန်ကုန်မြင်ကွင်းကျယ် (Fashion Dance Remix 2010)
၁၂:၄၀ ခါသင်္ကြန်အဆိုအက
၁:၀၀ **အမေရိက်မှ ပိုနာသည်** တရားတော် (ဆရာတော်ဦးသုခေမိတ)
၂:၀၀ MRTV-4 သတင်း
၂:၄၅ Fashion Music Festival (သင်္ကြန်ဖက်ရှင်-၂)
၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၈၁)
၄:၀၅ ခါသင်္ကြန်အဆိုအက
၄:၂၀ Activities in the City (အထက-၂ လမ်းမတော် အာစရိယပူဇော်ပွဲ)
၄:၄၀ လင်းလက်ကြယ်ပွင့်တို့နှင့် ယနေ့ကျန်းမာရေး (အပိုင်း-၂) ပါမောက္ခ ဒေါက်တာချယ်ရီသန်းသန်းတင်၊ တင်မိုးလွင်၊ ဝတ်မှုန်ရွှေရည်၊ စိုးပြည့်သဇင်၊ဂျင်နီ
၅:၀၀ ရန်ကုန်မြင်ကွင်းကျယ် (Fashion Dance Remix 2010)
၅:၂၀ ခါသင်္ကြန်အဆိုအက
၅:၃၅ အနုပညာမိုးကောင်းကင်
၆:၀၀ MRTV-4 သတင်း
၆:၂၀ Make in a Delicious Way (တရုတ်နိုင်ငံ ယူနန်ပြည်နယ်မှ စွဲမက်ဖွယ်ရာ အစားအစာများ)
၆:၄၀ ဈေးဝယ်လမ်းညွှန် (G-Star)
၆:၅၅ Fashion Music Festival (သင်္ကြန်ဖက်ရှင်-၂)
၇:၃၅ ၂၀၁၀ သင်္ကြန်အကြတ်နေ့မြင်ကွင်း
၈:၀၀ MRTV-4 သတင်း
၈:၃၀ ဂီတသရုပ်ပြခန်း (သင်္ကြန်တေးလက်ဆောင်-၂)
၉:၀၀ အနုပညာမိုးကောင်းကင်
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၈၁)
၁၀:၀၀ ခါသင်္ကြန်အဆိုအက
၁၀:၂၀ မောမြေရဲ့ အမောပြေ (ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင်)
၁၀:၂၅ သင်္ကြန်နှင့်အသားအရေ ထိန်းသိမ်းခြင်း
၁၀:၅၀ မြန်မာမှုလက်ရာ ပန်းတဉ်းပညာ
၁၁:၂၀ လော့ကားဥယျာဉ်မှာ အပန်းဖြေရင်း သုတရှာမှီးမယ်
၁၁:၃၅ အဆင်းရော အချင်းပါပြည့်စုံတဲ့ မြစ်မင်းဧရာဝတီကို စုန်ဆင်းခြင်း ခရီးတစ်ခေါက်
၁၂:၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ရခိုင်ပြည်နယ် အမ်းလေဆိပ်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ် အမ်းလေဆိပ် လေယာဉ်ပြေးလမ်း ကွန်ကရစ်ခင်း လေကြောင်းဆက်သွယ်ရေးကိရိယာ လေကြောင်းထိန်းမျှော်စင်တည်ဆောက်

နေပြည်တော် ဧပြီ ၁၄

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် ဧပြီ ၁၂ရက် နံနက်ပိုင်းက ရခိုင်ပြည်နယ် အမ်းလေဆိပ်သို့ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်နိုင်ထွန်းက လေယာဉ်ပြေးလမ်း ကွန်ကရစ်ခင်းမှု၊ လေယာဉ်အဝင်လမ်း လုပ်ငန်းဆောင်ရွက်မှု၊ လေကြောင်းဆက်သွယ်ရေးကိရိယာနှင့် လေကြောင်းထိန်းမျှော်စင် တည်ဆောက်ပြီးစီးမှုနှင့် လေဆိပ်ခြံစည်းရိုး ကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

စေတနာထား

ထို့နောက် တိုင်းမှူးနှင့်ဝန်ကြီးတို့က လေဆိပ်ပတ်ဝန်းကျင် အမြဲသန့်ရှင်း ကောင်းမွန်အောင်ဆောင်ရွက်ရေး၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို သတ်မှတ် စံချိန်စံညွှန်းနှင့်အညီဆောင်ရွက်ရေး၊ လေဆိပ်ဝန်းကျင် အရိပ်ရသစ်ပင်နှင့် ပန်းအလှပင်များ စိုက်ပျိုးရေး၊ လေယာဉ်ပြေးလမ်းဝဲယာ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရန်အတွက် စနစ်တကျဆောင်ရွက်ရေးနှင့် မိမိတို့၏လုပ်ငန်းတာဝန်ကို စေတနာထား၍ ကျေပွန်အောင် ထမ်းဆောင်ကြရေးတို့ကို အသေးစိတ်မှာကြားခဲ့ကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် လေယာဉ်ဆင်းသက်မှုအခြေအနေ၊ လေယာဉ်ပြေးလမ်း အချက်ပြမီး တပ်ဆင်ထားမှုအခြေအနေ၊ ခရီးသည်များ လေယာဉ်ပေါ်မှ ဆင်းသက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ ဂူရှူးအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော် သင်တန်းဆင်းလက်မှတ်များပေးအပ်စဉ်။ (မြန်မာ့အလင်း)

နွေရာသီအခြေခံဂူရှူး သင်တန်းဆင်း

ရန်ကုန် ဧပြီ ၁၄

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဂူရှူးအဖွဲ့ချုပ်တို့မှ ပူးပေါင်းဖွင့်လှစ်သည့် ၂၀၁၀ခုနှစ် နွေရာသီ အခြေခံဂူရှူးသင်တန်းဆင်းပွဲ အခမ်းအနားကို ဧပြီ ၉ရက် နံနက် ၉နာရီက စမ်းချောင်းမြို့နယ် ပဒုမ္မာကွင်းရှိ အဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ၌ ကျင်းပသည်။

အမှာစကား

သင်တန်းဆင်းပွဲအခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံဂူရှူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်က သင်တန်းဆင်းအမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဂူရှူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဦးကျော်ကျော်၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းအေးနှင့် တာဝန်ရှိပုဂ္ဂိုလ်များက သင်တန်းထူးချွန်ဆုများနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် သင်တန်းသား သင်တန်းသူများ၊ မျိုးဆက်သစ်ဂူရှူးအားကစားသမားများက ဂူရှူးစွမ်းရည်ပြသကြသည်။ ***(မြန်မာ့အလင်း)***

ရွှေဘိုမြို့ ရေပေးဝေရေး ပိုက်လိုင်းသစ်သွယ်တန်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးမျိုးအောင်နှင့် တာဝန်ခံအင်ဂျင်နီယာ အင်ဂျင်နီယာမှူး ဦးမျိုးတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် Royal Myanmar Golf & Country Club ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဇမ္ဗူသီရိမြို့ရှိ Royal Myanmar Golf & Country Club ၏ Club House ကို တွေ့ရစဉ်။ (သတင်းစဉ်)

✻ ရှေ့ဖုံးမှ

ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ Royal Myanmar Golf & Country Club ဥက္ကဋ္ဌ ဦးချစ်ခိုင်နှင့် Max Myanmar Groups of Companies ဥက္ကဋ္ဌ ဦးဇော်ဇော်တို့က Royal Myanmar Golf & Country Club ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် Royal Myanmar Golf & Country Club ဖွင့်ပွဲ ကမ္ပည်းမော်ကွန်းကျောက်ပြားကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် Royal Myanmar Golf & Country Club ဖွင့်ပွဲ ကမ္ပည်းမော်ကွန်းကျောက်ပြားကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် နှင့်အဖွဲ့ဝင်များသည် Royal Myanmar Golf & Country Club အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ဖွင့်လှစ်လိုက်သည့် Royal Myanmar Golf & Country Club သည် မြေဧက ၈၀၀ပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်ပြီး နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ဟိုတယ်ဇုန်အနီး၌ တည်ရှိသည်။

၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၁၂ရက်တွင် လေ့ကျင့်ရေးကွင်းကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ယခု ၂၀၁၀ခုနှစ် ဧပြီ ၁၄ရက်တွင် Club House နှင့် ပထမအဆင့် (၁၈) ကျင်းကို ဖွင့်လှစ်ခြင်းဖြစ်သည်။ Club House မှာ အလျားပေ ၂၇၀၊ အနံ ၁၂၃ ပေရှိပြီး နှစ်ထပ် RCC အဆောက်အအုံဖြစ်ကာ နိုင်ငံတကာအဆင့်မီ ဂေါက်ကွင်းအဖြစ် တည်ဆောက်ထားသည်။

ပထမအဆင့် (၁၈)ကျင်းသည် ကိုက် ၇၂၆၀ရှိပြီး ဆက်လက်အကောင်အထည်ဖော်မည့် ဒုတိယ (၁၈)ကျင်းမှာ ၇၁၄၂ ကိုက် ရှိမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၅-၄-၂၀၁၀ (ကြာသပတေးနေ့)

(မဟာသင်္ကြန် အကြတ်နေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၅၀ ၅။ ခါသင်္ကြန် အဆို၊ အကများ
၈း၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၂၅ ၇။ ခါသင်္ကြန် အဆို၊ အကများ
၈း၄၀ ၈။ International News
၈း၄၅ ၉။ **ဆယ်စုနှစ်က ခါသင်္ကြန်**
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ ခါသင်္ကြန် အဆို၊ အကများ
၄း၃၅ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (စီးပွားရေးပညာ အထူးပြု) (စီးပွားရေးပညာ)
၄း၅၀ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၀ ၅။ မူဟန်သွယ်သွယ် ဆိုကြမယ်
၅း၁၅ ၆။ ခါသင်္ကြန် အဆို၊ အကများ
၅း၃၅ ၇။ ခါသင်္ကြန် အဆို၊ အကများ
၆း၀၀ ၈။ ညနေခင်းသတင်း
၆း၁၅ ၉။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၀။ ပျော်ရွှင်စေသောနေ့ရက်များ **"ချစ်သူကော်ဖီ"** (အပိုင်း-၂) သူရလင်း၊ နန်းဆုရတီစိုး၊ မေတ္တာ၊ ယုဇနဗိုလ်မြင့်၊ စုပုံချစ် (ဒါရိုက်တာ-အောင်ကျော်သူရ)
၆း၄၀ ၁၁။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့် ချဉ်းကပ်ခြင်း
၇း၀၀ ၁၂။ ခါသင်္ကြန် အဆို၊ အကများ
၇း၂၅ ၁၃။ ခါသင်္ကြန် အဆို၊ အကများ
၈း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ မြန်မာဗီဒီယိုဇာတ်လမ်း **မာယာတံတိုင်း** (အပိုင်း-၁) ဒွေး၊ ညိုမင်းလွင်၊ အိန္ဒြာကျော်ဇင် (ဒါရိုက်တာ-ချမ်းသာကြည်စိုး)
၁၈။ အစီအစဉ်ပြီး၏။

ဧပြီ ၁၄ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး ၂၀၁၀ခုနှစ် နေပြည်တော် မဟာသင်္ကြန် Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲတွင် Smoke Ball ကို ရိုက်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

ဧပြီ ၁၄ရက်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ၂၀၁၀ခုနှစ် နေပြည်တော် မဟာသင်္ကြန် Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲတွင် Smoke Ball ကို ရိုက်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

တောင်ကြီးမြို့တွင် ရေကစားသူများဖြင့် စည်ကား

တောင်ကြီး ဧပြီ ၁၄

သင်္ကြန်အကျနေ့ (ဧပြီ ၁၄ရက်)တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့တွင် ရေပက်ခံထွက်သူများ၊ ရေကစားသူများဖြင့် စည်ကားလျက်ရှိသည်။ ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးအပါအဝင် ရပ်ကွက်အသီးသီး၌ ယမန်နှစ်ကထက် ရေကစားသူများ ပိုမိုစည်ကားလျက်ရှိသည်။ ထို့ပြင် တောင်ကြီးဂေါက်ကလပ်အနီးရှိ တောင်ကြီးရေကစားမဏ္ဍပ်တွင် Iron Cross တီးဝိုင်းနှင့်အတူ လေးဖြူ၊ မျိုးကြီး၊ အငဲ၊ ဝိုင်ဝိုင်း၊ တင်ဇာမော်၊ ဆုန်သင်းပါရ်၊ နေနေ၊ လိမ္မော်သီးတို့က နေ့လယ်တစ်ကြိမ်၊ ညတစ်ကြိမ် သီဆိုဖျော်ဖြေခဲ့ကြပြီး လာရောက်ကြည့်ရှု အားပေးသူများဖြင့် တိုးမပေါက်အောင် စည်ကားလျက်ရှိသည်။

(မြန်မာ့အလင်း)

ဧပြီ ၁၄ရက်က Royal Myanmar Golf & Country Club ဥက္ကဋ္ဌ ဦးချစ်ခိုင် ၂၀၁၀ခုနှစ် နေပြည်တော် မဟာသင်္ကြန် Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲတွင် Smoke Ball ကို ရိုက်၍ ဖွင့်လှစ်ပေးစဉ်။
(သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု အခြေအနေ

ဘဂ္ဂဒက် ဧပြီ ၁၄

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဧပြီ ၁၄ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၇၀၀၉၇၅ ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၂၆၆၂၄၄ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၀၉၇၅ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၆၆၂၄၄ ဦး

(အင်တာနက်)

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု အခြေအနေ

ကဘူးလ် ဧပြီ ၁၄

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဧပြီ ၁၄ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၂၇၅၇ ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၃၉၂၁၄ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၂၇၅၇ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အာဖဂန်ပြည်သူများ	၃၉၂၁၄ ဦး

(အင်တာနက်)

ဘဂ္ဂဒက်မြို့၌ ဗုံးခွဲတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော အဆောက်အအုံတစ်လုံးကို ဧပြီ ၁၁ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အာဖဂန်နစ္စတန်နှင့် အီရတ်ရှိ အနောက်အုပ်စု တပ်စွဲတိုက်ခိုက်မှု ကုလသမဂ္ဂစုံစမ်းစစ်ဆေးပေးရန် အီရန်သမ္မတ အာမက်ဒီနီဂျက်တောင်းဆို

ဂျီနီဗာ ဧပြီ ၁၄

အာဖဂန်နစ္စတန်နှင့် အီရတ်နိုင်ငံတို့ရှိ အနောက်အုပ်စုတပ်ဖွဲ့တို့ တပ်စွဲတိုက်ခိုက်မှုကို ကုလသမဂ္ဂအနေဖြင့် စုံစမ်းစစ်ဆေးပေးပါရန် အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်က ဧပြီ ၁၂ရက်တွင် တောင်းဆိုလိုက်သည်။

၎င်းနှစ်နိုင်ငံ၌ အမေရိကန်နှင့် နေတိုးတပ်ဖွဲ့ဝင်များက အကြမ်းဖက်မှုနှိမ်နင်းရေး အတွက်ဟု ယိုးမယ်ဖွဲ့ပြီး စစ်ဆင်တိုက်ခိုက်နေသည့်လုပ်ရပ်ကို စုံစမ်းရန် အာမက်ဒီနီဂျက်က ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းထံသို့ အစီရင်ခံတင်ပြတောင်းဆိုခြင်းဖြစ်သည်။

စွန့်ခွာ

၂၀၀၁ခုနှစ် စက်တင်ဘာ ၁၁ရက်တွင် အမေရိကန်မြို့ကြီးများ အကြမ်းဖက်တိုက်ခိုက်ခံရပြီးနောက် ဖောက်ခွဲရေးသမားများအား နှိမ်နင်းမည်ဟူသော ဥပါယ်တံမျဉ်ဖြင့် အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်များက စတင်ဝင်ရောက်ကျူးကျော်ချိန်မှစ၍ အရပ်သားအများအပြား သေဆုံးခဲ့ရပြီး သန်းနှင့်ချီသော ဒေသခံပြည်သူတို့ အိုးအိမ်များစွန့်ခွာထွက်ပြေးကြရသည်။

အောင်မြင်မှုမရ

ယင်းသို့ အကြမ်းဖက်မှု နှိမ်နင်းရေး တိုက်ပွဲပုံစံများမှာ အောင်မြင်မှုမရရှိကြောင်း အာမက်ဒီနီဂျက်က ထောက်ပြပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်၌အားပြင်းငလျင်လှုပ် အနည်းဆုံး ၄၀၀သေဆုံး

ပေကျင်း ဧပြီ ၁၄

တရုတ်နိုင်ငံ ကျင်ဟိုင်းပြည်နယ်၌ ဧပြီ ၁၄ရက် နံနက်ပိုင်းက ရစ်ချ်တာစကေး ၆ ဒသမ ၉ရှိ အားပြင်းငလျင်လှုပ်ခဲ့ရာ အနည်းဆုံး လူဦးရေ ၄၀၀ သေဆုံးပြီး ထောင်ပေါင်းများစွာသောပြည်သူများ ထိခိုက်ဒဏ်ရာရခဲ့ကြောင်း တရုတ်တာဝန်ရှိသူများက ပြောကြားသည်။

ထိခိုက်ပျက်စီး

အဆိုပါငလျင်သည် ကျင်ဟိုင်းပြည်နယ်၏မြို့တော် ကျင်ကျန်းမြို့ အနောက်တောင်ဘက် မိုင် ၅၀၀ အကွာ ယူရှုဒေသကိုဗဟိုပြုလျက် လှုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဂျီဂုမြို့၌ အဆောက်အအုံများ အဆိုးရွားဆုံး ထိခိုက်ပျက်စီးခဲ့ကြောင်း ၎င်းပြည်နယ်၏ အနီးဝန်းကျင်ပြည်နယ်များမှ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း သတင်း၌ဖော်ပြသည်။ (အောက်ပုံ) (အင်တာနက်)

အီရတ်၌ သေဆုံးသည့် သတင်းစာဆရာ ၂၇၅ဦးရှိသွားပြီဖြစ်

ဘဂ္ဂဒက် ဧပြီ ၁၄

ဘဂ္ဂဒက်မြို့တောင်ပိုင်း ဒိုင်ရာဒေသ၌ ဗုံးပေါက်ကွဲမှုကြောင့် အီရတ်အသံလွှင့်ဌာနမှ သတင်းစာဆရာတစ်ဦးအပါအဝင် ခြောက်ဦးဒဏ်ရာရရှိကြောင်း ဧပြီ ၁၃ ရက်၌ ပြည်ထဲရေးဝန်ကြီးဌာန သတင်းရပ်ကွက်က ပြောကြားသည်။

ကြေညာ

ယင်းနေ့နံနက်ပိုင်းက အယ်လ်-ဘဂ္ဂဒက်ဒိုင်ရာ အသံလွှင့်ဌာနမှ သတင်းစာဆရာတစ်ဦးသည် လုပ်ငန်းတာဝန်ထမ်းဆောင်စဉ် ၎င်း၏ကားအတွင်းမှ ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ၎င်းနှင့်အတူ အခြားတစ်ဦးပါ ဒဏ်ရာရရှိသွားကြောင်း ဆင်ဟွာသတင်းဌာနက ထုတ်ပြန်ကြေညာသည်။

ဗုံးပေါက်ကွဲမှုကြောင့် အနီးမှ ဖြတ်သန်းသွားသူ လေးဦး ဒဏ်ရာရရှိသွားကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

ကျူးကျော်

၂၀၀၃ခုနှစ် မတ်လမှစတင်ကာ အီရတ်သို့ အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်များ ဝင်ရောက်ကျူးကျော်ကတည်းက အီရတ်၌သေဆုံးသည့် သတင်းစာဆရာ ၂၇၅ဦး ရှိသွားပြီဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်နိုင်ငံ ဖလူးဂျာမြို့၌ ဗုံးခွဲတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော အဆောက်အအုံတစ်လုံးကို ဧပြီ ၁၀ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အီရတ်-အာဖဂန် သတင်းများ

ဘဂ္ဂဒက်၌ ကားဗုံးခွဲတိုက်ခိုက် လေးဦးသေဆုံး

ဘဂ္ဂဒက် ဧပြီ ၁၄

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ကားဗုံးဖောက်ခွဲခံရသဖြင့် လေးဦးသေဆုံးပြီး အခြားလူဒါဇင်ချီ၍ ဒဏ်ရာရရှိကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ပေါက်ကွဲ

ဘဂ္ဂဒက်မြို့အနောက်ပိုင်း အဘူဂါရိတ်၌ တပ်ဖွဲ့ဝင်များ၏ ကင်းလှည့်ကားအနီး ဖောက်ခွဲရေးပစ္စည်းအပြည့် တင်လာသည့်ကား ဧပြီ ၁၂ရက်က ပေါက်ကွဲခဲ့ရာ တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးသည်ဟု အေအက်ဖ်ပီ သတင်းဌာနက ဖော်ပြသည်။

ဒဏ်ရာရရှိ

ဧပြီ ၁၂ရက်တွင် အခြားရဲတပ်ဖွဲ့ကားကို ပစ်မှတ်ထား၍ ကားဗုံးဖောက်ခွဲသဖြင့် အရပ်သားတစ်ဦးနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးတို့ မိုဆူးလ်မြို့မြောက်ပိုင်း၌ သေဆုံးသည်။ ဖော်ပြပါ ဖြစ်ရပ်နှစ်ရပ်တွင် စုစုပေါင်း ၃၇ဦး ဒဏ်ရာရရှိသည်။ **(အင်တာနက်)**

ပါကစ္စတန်လူမျိုးစုဒေသ၌ အမေရိကန်တို့ ဒုံးကျည်ဖြင့်ပစ်ခတ် လေးဦးသေဆုံးပြီး အများအပြားဒဏ်ရာရရှိ

အစ္စလမ္မာဘတ် ဧပြီ ၁၄

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း လူမျိုးစုဒေသ၌ အမေရိကန်တို့ ဒုံးကျည်ဖြင့် ပစ်ခတ်မှုကြောင့် လေးဦးသေဆုံးပြီး အများအပြားဒဏ်ရာရရှိကြောင်း ဧပြီ ၁၂ရက်တွင် ပါကစ္စတန်လုံခြုံရေးရုံးအဖွဲ့က ပြောကြားသည်။

ပြောကြား

ယင်းတိုက်ခိုက်မှုသည် အာဖဂန်နယ်စပ်ဒေသအနီး မြောက်ဝါဇီရစ္စတန်ဒေသရှိ တာလီဘန်စစ်သွေးကြွများအား တိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ ၎င်းနယ်စပ်တစ်လျှောက်၌ ပါကစ္စတန်လူမျိုးစုဒေသများကို နေတိုးအဖွဲ့က နှိမ်နင်းတိုက်ခိုက်နေခြင်းဖြစ်ကြောင်း ဝါရှင်တန်စစ်ဘက်ဆိုင်ရာက သတင်းထုတ်ပြန်သည်။ **(အင်တာနက်)**

ဒိုင်ရာလာပြည်နယ်၌ အင်အားပြင်းဗုံးပေါက်ကွဲ သုံးဦးသေဆုံး

ဒိုင်ရာလာ ဧပြီ ၁၄

အီရတ်နိုင်ငံ ဒိုင်ရာလာပြည်နယ်အတွင်း၌ ဧပြီ ၁၂ရက်က အင်အားပြင်းလမ်းဘေးဗုံးပေါက်ကွဲခဲ့ရာ ဆာဝါလူမျိုးစုဝင် ညီအစ်ကိုသုံးဦး သေဆုံးပြီး အခြားတစ်ဦး ဒဏ်ရာရရှိသွားကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ပြောကြား

အဆိုပါ ပြည်နယ် အက်ဟမ်ဒေသအတွင်း၌ ဧပြီ ၁၂ရက် နံနက် ၁၀နာရီက ယင်းဗုံးပေါက်ကွဲမှုကြောင့် သုံးဦးသေဆုံးကာ ဒဏ်ရာရရှိသူတစ်ဦးကို ဘာကူဘာဆေးရုံသို့ တင်ပို့ကုသထားသည်ဟု အမည်မဖော်လိုသူတစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ လုံခြုံရေးတာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

စစ်သွေးကြွဟောင်း အများအပြားပါဝင်သော အယ်လ်-ဆာဝါအဖွဲ့သည် ၂၀၀၃ခုနှစ်တွင် အမေရိကန်တို့ အီရတ်ကို ကျူးကျော်ဝင်ရောက်ခဲ့ပြီးနောက် အမေရိကန်နှင့် အီရတ်တပ်ဖွဲ့ကို ဆန့်ကျင်တိုက်ခိုက်ခဲ့သော်လည်း ၂၀၀၆ ခုနှစ်ကုန်ပိုင်းမှစတင်ကာ အီရတ်အရပ်သားများကို ထိခိုက်နစ်နာစေသည့် အကြမ်းဖက်မှုများ တားဆီးနှိမ်နင်းရန် အီရတ်အစိုးရဘက်မှ ရပ်တည်လျက် အကြမ်းဖက်မှု ဟန့်တားရေးတွင် ပါဝင်ကူညီခဲ့သည်။

(အင်တာနက်)

အာဖဂန်နစ္စတန်၌ လမ်းဘေးဗုံးပေါက်ကွဲ လေးဦးသေဆုံး၊ ၁၄ဦးဒဏ်ရာရ

ကန်ဒါဟာ ဧပြီ ၁၄

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာပြည်နယ် ဒါမင်ခရိုင်တွင် မိုင်းရှင်းလင်းရေးအေဂျင်စီပိုင် ယာဉ်တစ်စီး ဧပြီ ၁၁ရက်က လမ်းဘေးဗုံးပေါက်ကွဲထိမှန်သဖြင့် သေဆုံးဒဏ်ရာရရှိမှုများရှိကြောင်း ကန်ဒါဟာဗဟိုဆေးရုံမှ ဆရာဝန်တစ်ဦးက ပြောကြားသည်။

အလောင်းလေးလောင်းနှင့် ဒဏ်ရာရရှိသူ ၁၄ဦးတို့ကို ကန်ဒါဟာပြည်နယ် မြို့တော်ကန်ဒါဟာစီးတီးရှိ မီယာဝမ်ဆေးရုံသို့သယ်ဆောင်သွားကြောင်း ဆရာဝန် မိုဟာမက်အိုင်ဗရာဟင်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

15-4 (04).pmd 1 4/15/2010, 2:14 AM

အီရန်၏ နျူကလီးယားအစီအစဉ်ကိစ္စ သမ္မတဟူကျင်ထောင်း သဘောထားထုတ်ဖော်ပြောကြား

ပေကျင်း ဧပြီ ၁၄

တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ ဟူကျင်ထောင်းက အီရန်နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ ကိုင်တွယ်ရာတွင် သံတမန်ဆိုင်ရာအခွင့်အရေးပေးရန် အမေရိကန်သမ္မတ ဘားရက်အိုဘားမားအား ပြောကြားခဲ့သည်။

တရုတ်သမ္မတ ဟူကျင်ထောင်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် အီရန်နျူကလီးယား အစီအစဉ်နှင့်ပတ်သက်၍ ရှေ့မတိုး နောက်မဆုတ်ဖြစ်နေသည့် အခြေအနေကို ဆွေးနွေးညှိနှိုင်းသောနည်းလမ်းများဖြင့် ထိရောက်စွာဖြေရှင်းသွားစေလိုကြောင်း တရုတ်သမ္မတ ဟူကျင်ထောင်းက ဧပြီ ၁၂ ရက်တွင် ပြောကြားသည်။

နည်းလမ်း

သက်ဆိုင်ရာနိုင်ငံစုံက ဆက်လက်၍ သံတမန်ရေးကြိုးပမ်းမှုများ အရှိန်အဟုန်မြှင့်ပြုလုပ်သွားကာ အီရန်နျူကလီးယားပြဿနာကို ဖြေရှင်းရာ၌ စေ့စပ်ဆွေးနွေးညှိနှိုင်းခြင်းဖြင့် ထိရောက်သောနည်းလမ်းများကို ရှာဖွေသွားကြမည်ဟု တရုတ်ပြည်သူ့သမ္မတနိုင်ငံက မျှော်လင့်ကြောင်း တရုတ်ပြောခွင့်ရပုဂ္ဂိုလ် မရှောင်စုကပြောကြားသည်။

ဆွေးနွေး

နျူကလီးယားလုံခြုံရေး ထိပ်သီးအစည်းအဝေး အပြင်ဘက်တွင် တရုတ်နှင့် အမေရိကန် ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပြီးနောက် တရုတ်ပြောခွင့်ရပုဂ္ဂိုလ်က ယင်းကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အဒေင်ပင်လယ်ကွေ့အတွင်းလုံခြုံရေးတာဝန်ထမ်းဆောင်ရန် သွားရောက်သည့် တရုတ်ရေတပ်သင်္ဘောကိုယ်စားလှယ်အဖွဲ့သည် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တောင်ပိုင်း ဆိပ်ကမ်းမြို့သို့ဆိုက်ရောက်လာသည်ကို ဧပြီ ၁၃ ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

အမေရိကန်နှင့် ဘရာဇီး ကာကွယ်ရေးဆိုင်ရာ သဘောတူညီ

ဝါရှင်တန် ဧပြီ ၁၄

အမေရိကန်နိုင်ငံနှင့် ဘရာဇီးနိုင်ငံတို့သည် ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှု၊ သုတေသနနှင့်ဖွံ့ဖြိုးမှု၊ ထောက်ပံ့ ပို့ဆောင်ရေး၊ နည်းပညာလုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ ပစ္စည်းရရှိရေး သဘောတူညီချက်တစ်ရပ်ကို ဧပြီ ၁၂ရက်က လက်မှတ်ရေးထိုးကြသည်။

အဆိုပါသဘောတူညီချက်ကို အမေရိကန်ကာကွယ်ရေးဝန်ကြီး ရောဘတ်ဂိတ်နှင့် ဘရာဇီးကာကွယ်ရေးဝန်ကြီး နယ်လဆင်ဂျိုဘင်တို့ကလက်မှတ်ရေးထိုးကြသည်။

မြင့်တက်လာ

ယင်းသဘောတူညီချက်က အမေရိကန်-ဘရာဇီး နှစ်နိုင်ငံ၏ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်ရေးတွင် ပိုမိုနက်ရှိုင်းလာနိုင်ပြီး နှစ်နိုင်ငံအကျိုးတူ ကဏ္ဍသစ်များ တိုးချဲ့ဆောင်ရွက်နိုင်မည်ဟု အမေရိကန်နိုင်ငံခြားရေးဌာန၏ ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ယင်းသဘောတူညီချက်အရ နှစ်နိုင်ငံစလုံးက စစ်ရေးဆိုင်ရာနှင့် ကာကွယ်ရေးဆိုင်ရာ အတွေ့အကြုံ၊ နည်းပညာနှင့် နိုင်ငံတကာငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းများစသည့် ကဏ္ဍများတွင် သတင်းအချက်အလက်အပြန်အလှန် ဖလှယ်ရေးကိစ္စတို့ကို ဆောင်ရွက်ကြမည်ဖြစ်သည်။

(အင်တာနက်)

အိန္ဒိယနှင့် ပါကစ္စတန်နှစ်နိုင်ငံဝန်ကြီးချုပ်တို့ ညစာစားပွဲ၌ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်

ဝါရှင်တန် ဧပြီ ၁၄

အိန္ဒိယနှင့် ပါကစ္စတန်ဝန်ကြီးချုပ်များဖြစ်ကြသည့် မန်မိုဟန်ဆင်းနှင့် ယူစွပ်ရာဇာဂီလာနီတို့သည် နျူကလီးယားလုံခြုံရေးထိပ်သီးအစည်းအဝေးတက်ရောက်ရန် ဝါရှင်တန်သို့ရောက်ရှိစဉ် အမေရိကန်သမ္မတအိုဘားမား၏ ညစာစားပွဲသို့ တက်ရောက်ကြသည်။

မွမ်ဘိုင်းအကြမ်းဖက်မှုကျူးလွန်သူများအား ပါကစ္စတန်အစိုးရက အပြစ်ပေးရန် လိုအပ်ကြောင်း သမ္မတအိုဘားမားအားအိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းက ပြောကြားပြီးနောက်တစ်ရက်တွင် အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းနှင့် ပါကစ္စတန်ဝန်ကြီးချုပ် ဂီလာနီတို့ ယင်းသို့တွေ့ဆုံကြခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့အတွင်း ၂၀၀၈ခုနှစ် နိုဝင်ဘာလက အကြမ်းဖက်တိုက်ခိုက်မှုတွင် သေနတ်သမားကိုးဦး အပါအဝင် ၁၇၄ဦး သေဆုံးခဲ့သည်။ ယင်းနောက် အိမ်နီးချင်းအိန္ဒိယနှင့် ပါကစ္စတန်နှစ်နိုင်ငံ ဆက်ဆံရေး တင်းမာခဲ့သည်။ ဖေဖော်ဝါရီလကမှ နှစ်နိုင်ငံပုံမှန်ဆွေးနွေးပွဲ ပြန်လည်ပြုလုပ်ခဲ့သည်။ ပါကစ္စတန်နှင့် အိန္ဒိယဝန်ကြီးချုပ်တို့ အလွတ်သဘောတွေ့ဆုံကြကြောင်း ပါကစ္စတန်သံရုံး ပြောရေးဆိုခွင့်ရှိသူက ကြေညာသည်။ ညစာစားပွဲ၌တွေ့ဆုံစဉ် နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးတို့ လက်ဆွဲနှုတ်ဆက်ပြီး ရင်းရင်းနှီးနှီးတွေ့ဆုံကြကြောင်း အိန္ဒိယနိုင်ငံခြားရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ဟိန္ဒူသတင်းစာသို့ ပြောကြားသည်။

ပါကစ္စတန်ဝန်ကြီးချုပ် ရာဇာဂီလာနီ၊ အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်း

(အင်တာနက်)

နယူးဇီလန်နှင့် အမေရိကန် နှစ်နိုင်ငံအရေး ဆွေးနွေး

ဝယ်လင်တန် ဧပြီ ၁၄

နယူးဇီလန်ဝန်ကြီးချုပ် ဂျွန်ကီးက အမေရိကန်ဒုတိယသမ္မတ ဂျိုးဘိုင်ဒင်အား ဝါရှင်တန်၌ကျင်းပသည့် နျူကလီးယားထိပ်သီးအစည်းအဝေး၏ပြင်ပတွင် တွေ့ဆုံပြီး ဒေသဆိုင်ရာကုန်သွယ်ရေး၊ နျူကလီးယားလုံခြုံရေးနှင့် အာဖဂန်နစ္စတန်ပြဿနာများကို ဆွေးနွေးကြသည်။

အခွင့်သာ

အဆိုပါအစည်းအဝေးတွင် ကုန်သွယ်ရေးပြဿနာများဆွေးနွေးရန် အခွင့်သာသည်ဟု ဂျွန်ကီးက ပြောကြားသည်။

မိမိတို့အနေဖြင့် ပစိဖိတ်ကျော်ဖြတ်ဒေသမိတ်ဆွေနိုင်ငံအတွက် မိမိတို့တာဝန်ယူထားမှုကို အင်အားဖြည့်ဆည်းနိုင်မည့် အခွင့်အရေးနှင့် နောက်ဆုံးတွင် အမေရိကန်နှင့် အကောက်ခွန်မဲ့ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက် အခွင့်အလမ်းကို ရရှိနိုင်သည်ဟု ၎င်းကဆက်လက် ပြောကြားသည်။

(အင်တာနက်)

တရုတ်၌ နှင်းမုန်တိုင်းတိုက်ခတ် အဝေးပြေးလမ်းမကြီးများ ပိတ်လိုက်ရ

ဟာဘင် ဧပြီ ၁၄

တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ဟေလုံကျန်ပြည်နယ်တွင် ဧပြီ ၁၃ရက်က နှင်းမုန်တိုင်းများ ညလုံးပေါက်တိုက်ခတ်သဖြင့် အဝေးပြေးအဓိကလမ်းမကြီးငါးခု ပိတ်လိုက်ရသည်။

မြင့်တက်လာ

ဟာဘင်ပြည်နယ်မြို့တော်သည် နှင်းမုန်တိုင်းတိုက်ခတ်မှု အဆိုးရွားဆုံးခံရပြီး အချို့မြို့များတွင် ဆီးနှင်းများ ၁၅မီလီမီတာအထိ မြင့်တက်လာသည်ဟု ဟာဘင်မြို့တော်တွင် နေထိုင်သူတစ်ဦး၏ ပြောကြားချက်ကို အင်တာနက်သတင်း၌ ဖော်ပြသည်။

(အင်တာနက်)

အီရန် စွမ်းအင်ဆိုင်ရာ ပိတ်ဆို့မှု ရုရှားဆန့်ကျင်

မော်စကို ဧပြီ ၁၄

အီရန်နိုင်ငံအပေါ် စွမ်းအင်ဆိုင်ရာ ပိတ်ဆို့အရေးယူမှုပြုလုပ်ခြင်းသည် လူမှုကပ်ဘေးကြီး ကျရောက်သွားစေနိုင်ဖွယ်ရှိသည်ဟု ရုရှားသမ္မတဒီမီထရီမက်ဗီဒက်ဗ်က ဧပြီ ၁၃ရက်၌ သတိပေး ပြောကြားလိုက်သည်။

ပိတ်ဆို့အရေးယူ

အမေရိကန်နှင့် ယင်း၏အချို့သော မဟာမိတ်နိုင်ငံများသည် အီရန် ယူရေနီယံသန့်စင်ရေး လှုပ်ရှားမှုရပ်တန့်ရေး တွန်းအားပေးရန် အီရန်ကို ပိတ်ဆို့အရေးယူလိုကြသည်ဟု သိရသည်။

(အင်တာနက်)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည်-စုစည်းသည်

အိန္ဒိယအရှေ့ပိုင်း မုန်တိုင်းကြောင့် ၃၁ဦးသေဆုံး

အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဝက်စ်ဘင်္ဂါပြည်နယ် နော့သ်ဒီနာပူခရိုင်တွင် ဧပြီ ၁၄ရက်နံနက်က လေပြင်းမုန်တိုင်းတိုက်ခတ်သဖြင့် အနည်းဆုံး၃၁ဦးသေဆုံးပြီး ပြည်သူ ၂၀၀၀၀ ခန့် အိုးမဲ့အိမ်မဲ့ ဖြစ်ကြရကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြထားသည်။

တရုတ်နှင့်စင်ကာပူ ဖက်စပ်သင်္ဘောတည်ဆောက်မည်

နှစ်နိုင်ငံ ပူးတွဲသင်္ဘောတည်ဆောက်ရေးအတွက် တရုတ်သင်္ဘောတည်ဆောက်ရေးလုပ်ငန်း ကော်ပိုရေးရှင်း (စီအက်စ်အိုင်စီ)နှင့် စင်ကာပူ ပစိဖိတ်အင်တာနေရှင်နယ်လိုင်း(ပီအိုင်အယ်လ်)တို့က စီအက်စ်အိုင်စီ-ပစိဖိတ် ဖက်စပ်လုပ်ငန်းကို ဧပြီ ၁၃ရက်က ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း ကြေညာသည်။

ဓာတ်ငွေ့ပိုက်လိုင်းတည်ဆောက်ရန် သုံးနိုင်ငံသဘောတူညီ

အဇာဘိုင်ဂျန်မှထွက်ရှိသောဓာတ်ငွေ့များမှာ ရိုမေးနီးယားနှင့်ဂျော်ဂျီယာနိုင်ငံတို့ကို ဖြတ်ပြီး ဥရောပသို့ပို့လွှတ်ရေး ဓာတ်ငွေ့ပိုက်လိုင်းပူးတွဲတည်ဆောက်ရန် ရိုမေးနီးယား၊ ဂျော်ဂျီယာနှင့် အဇာဘိုင်ဂျန်နိုင်ငံတို့က ဧပြီ၁၃ရက်၌ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြသည်။

မကာအို၌ A(H1N1) ကာကွယ်ဆေးများထိုးပေး

တရုတ်ပိုင် မကာအိုတွင် A(H1N1) တုပ်ကွေးရောဂါကာကွယ်ဆေးထိုးပြီးသူ စုစုပေါင်း ၁၁၅၆၇၆ဦးရှိသွားပြီဖြစ်ကြောင်း၊ ဧပြီ၁၃ရက် တစ်ရက်တည်း၌ ကာကွယ်ဆေးထိုးသူ ၂၅ဦးရှိကြောင်း မကာအိုကျန်းမာရေးအဖွဲ့က ကြေညာသည်။

ကန်လေယာဉ်အိုက်စလန်၌ အရေးပေါ်ဆင်းသက်ခဲ့ရ

အမေရိကန်ခရီးသည်တင်လေယာဉ် ဘိုးရင်း၇၆၇-၃၀၀သည် ပြင်သစ်နိုင်ငံ ပါရီမြို့မှအမေရိကန်နိုင်ငံသို့ပျံသန်းစဉ် ခရီးသည်များ၏အခန်းအတွင်းမှ ဓာတုဗေဒ အနံ့အငွေ့များအနံ့ထွက်လာသည့်အတွက် အိုက်စလန်တွင် အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း ဧပြီ၁၃ရက်က ထုတ်ပြန်ကြေညာသည်။ ***(အောက်ပုံ)***

ခရီးသည်တင်လေယာဉ် ဟောင်ကောင်၌ အရေးပေါ်ဆင်းသက်

အင်ဒိုနီးရှားနိုင်ငံ ဆူရာဘာယာမှ ပျံသန်းလာသည့် ကာသေ့ပစိဖိတ်ခရီးသည်တင်လေယာဉ်မှာ ဟောင်ကောင်နိုင်ငံတကာလေဆိပ်အရောက်တွင် စက်ချွတ်ယွင်းသဖြင့် အရေးပေါ်ဆင်းသက်ခဲ့ရာ ခရီးသည်ရှစ်ဦး ဒဏ်ရာရရှိသွားသည်။

တရုတ်နှင့်ဂျာမနီ စီးပွားရေးပူးပေါင်းမှုမြှင့်တင်မည်

တရုတ်သမ္မတ ဟူကျင်ထောင်းနှင့် ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကဲတို့သည်ဝါရှင်တန်၌ ဧပြီ ၁၃ရက်ကတွေ့ဆုံစဉ် နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဖော်ဆောင်ရန် သဘောတူလိုက်ကြကြောင်း အင်တာနက်တွင် ဖော်ပြပါရှိသည်။

ကိုလံဘီယာ၌ မိုးသည်းထန်စွာရွာ၊ သုံးဦးသေဆုံး

ကိုလံဘီယာနိုင်ငံ၌ ဆောင်းရာသီအစပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သုံးဦးသေဆုံးပြီး ၃၀၉၈ဦးဒဏ်ရာရရှိသွားကြောင်း ကိုလံဘီယာပြည်ထဲရေးနှင့် တရားရေးဝန်ကြီးဌာနက ဧပြီ ၁၃ရက်၌ ကြေညာသည်။

ဟေတီ ပြန်လည်တည်ဆောက်ရေး အမေရိကန်ကူညီ

ငလျင်ဒဏ်အကြီးအကျယ်ခံခဲ့ရသည့် ဟေတီနိုင်ငံ ပြန်လည်တည်ဆောက်ရေးတို့ကို အကူအညီပေးရန် အမေရိကန်နိုင်ငံ၏ ကတိအတိုင်းကူညီ ထောက်ပံ့ရေးအတွက် အမေရိကန်သမ္မတကတော် မစ်ချယ်အိုဘားမားနှင့် ဒုတိယသမ္မတ ဂျိုးဘိုင်ဒင်၏ဇနီး ဂျီလ်ဘိုင်ဒင်တို့ ဟေတီနိုင်ငံသို့ ဧပြီ ၁၂ရက်က ရောက်ရှိခဲ့ကြသည်။

(အင်တာနက်)

သင်္ကြန်အကျနေ့က ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းတစ်လျှောက် တော်ဝင်နှင်းဆီ ရေကစားမဏ္ဍပ်တွင် ရေပက်ကစားကြစဉ်။ (သတင်းစဉ်)

❒ *ကျောဖုံးမှ*

ထို့အတူ နေပြည်တော် ဟိုတယ်ဇုန်လမ်းတစ်လျှောက်ရှိ မဟာသင်္ကြန်ရေကစားမဏ္ဍပ်များတွင်လည်း တေးဂီတများ၊ ယိမ်းအဖွဲ့များဖြင့် သီဆိုကပြဖျော်ဖြေလျက်ရှိပြီး အမရဟိုတယ်ရေကစားမဏ္ဍပ်၌ တေးသံရှင်များက Black 3B တေးဂီတအဖွဲ့နှင့် တွဲဖက်၍လည်းကောင်း၊ မက်စ်မြန်မာကုမ္ပဏီလီမိတက် ရေကစားမဏ္ဍပ်၌ 3Plus တေးဂီတအဖွဲ့ဖြင့်လည်းကောင်း၊ ရွှေမြန်မာဟိုတယ် ရေကစားမဏ္ဍပ်၌ 99% တေးဂီတအဖွဲ့ဖြင့် လည်းကောင်း၊ ရတနာသိဃ်ဟိုတယ်ရေကစား မဏ္ဍပ်၌ Hi Bird တေးဂီတအဖွဲ့ဖြင့် လည်းကောင်း၊ တော်ဝင်နေပြည်တော်ဟိုတယ် ရေကစားမဏ္ဍပ်၌ Spectrum တေးဂီတအဖွဲ့ဖြင့် လည်းကောင်း၊ ရွှေသံလွင်ကုမ္ပဏီ မိသားစု ရေကစားမဏ္ဍပ်၌ DM-4 တေးဂီတအဖွဲ့ဖြင့် လည်းကောင်း၊ မြတ်တော်ဝင်ဟိုတယ် ရေကစားမဏ္ဍပ်၌ Lazy Club တေးဂီတအဖွဲ့ဖြင့်လည်းကောင်း၊ သင်္ဂဟဟိုတယ် ရေကစားမဏ္ဍပ်၌ မဇ္ဈိမလှိုင်းတေးဂီတအဖွဲ့ဖြင့် လည်းကောင်း၊ ရွှေနန်းတော်ဟိုတယ် ရေကစားမဏ္ဍပ်၌ ဟိုတယ်တေးဂီတအဖွဲ့ဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်လျက်ရှိရာ ယနေ့ မဟာသင်္ကြန်အကျနေ့တွင် နံနက်ပိုင်းမှစတင်၍ သင်္ကြန်ချစ်သူပြည်သူများသည် အေးချမ်းပျော်ရွှင်ချမ်းမြေ့စွာ ရေသဘင်ပွဲတော်ကို ဆင်နွှဲလျက်ရှိကြသည်။

ဖျော်ဖြေတင်ဆက်

ညပိုင်းတွင်လည်း နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ The Aces တေးဂီတအဖွဲ့နှင့် တေးသံရှင်များက တေးသံသာများဖြင့် ဖျော်ဖြေကြပြီး နေပြည်တော်ဟိုတယ်ဇုန်ရှိ ရေကစားမဏ္ဍပ်များ၌လည်း တေးဂီတအဖွဲ့များနှင့် တေးသံရှင်များတွဲဖက်၍ လည်းကောင်း၊ သင်္ကြန်ယိမ်းအကအဖွဲ့များဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်ကြရာ လာရောက်ကြည့်ရှုအားပေးကြသူ သင်္ကြန်ချစ်သူများဖြင့် စည်ကားလျက်ရှိသည်။

အလားတူ နေပြည်တော် ပျဉ်းမနားတွင်လည်း လျှပ်နွယ်(ကံကောင်း) ကုမ္ပဏီလီမိတက် ရေကစားမဏ္ဍပ်၊ ဗိုလ်ချုပ်လမ်းပေါ်ရှိ Happy Time ရေကစားမဏ္ဍပ်နှင့်စပါယ်ရှယ် ရေကစားမဏ္ဍပ်၊ ပင်လောင်းလမ်းပေါ်ရှိ ပိတောက်ရိုး ရေကစားမဏ္ဍပ်၊ ရန်ကုန်-မန္တလေးလမ်းပေါ်ရှိ KTM မိသားစု ရေကစားမဏ္ဍပ်နှင့် လမ်းသွယ်များရှိ ရေကစားမဏ္ဍပ် ၂၅ ခုတို့၌ မျိုးမျိုးကွဲကွဲ သင်္ကြန်တေးသီချင်းများဖြင့် အေးချမ်း ပျော်ရွှင်မြူးထူးစွာ ရေကစားလျက်ရှိသည်။

အေးချမ်းပျော်ရွှင်

ထို့အတူ နေပြည်တော် လယ်ဝေးရှိ ရေကစားမဏ္ဍပ်များ၌ တေးသံသာများ၊ သင်္ကြန်အကများဖြင့် ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားကြ၍ နှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်ကို ဆင်နွှဲလျက်ရှိကြသည်။

ထိုနည်းတူ နေပြည်တော်မှ ခုနစ်မိုင်အကွာ ကျွဲရှင်းကျေးရွာအနီးရှိ ငလိုက်ရေလှောင်တမံ၏ ရေစပ်ကမ်းခြေတစ်လျှောက်၌ တည်ဆောက်ထားသော ငလိုက်ကန်သာအပန်းဖြေစခန်းတွင် ရေကစားကြသူများ၊ ရေချိုးအနားယူ အပန်းဖြေသူများဖြင့် စည်ကား များပြားလျက်ရှိသည်။

ရန်ကုန်မြို့

မြန်မာသက္ကရာဇ် ၁၃၇၁ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်အကျနေ့

မဟာသင်္ကြန်အကျနေ့တွင် ကလေးမြို့ အတာရေသဘင်ဗဟိုမဏ္ဍပ်၌ ပျော်ရွှင်စွာ ရေကစားကြစဉ်။ (သတင်းစဉ်)

တွင် ရန်ကုန်မြို့ တစ်ဝန်းလုံး၌ နံနက်ပိုင်းမှ စတင်၍ အေးချမ်းပျော်ရွှင်စွာ ရေကစားကြသည်။

အထူးသဖြင့် ရန်ကုန်မြို့ ပြည်လမ်းတစ်လျှောက်နှင့် ကန်တော်ကြီး ကန်ပတ်လမ်းတစ်လျှောက်တို့တွင် ရေကစားမဏ္ဍပ်များစီရရီဖြင့် ပျော်ရွှင်စွာ ရေကစားကြရာ ရေပက်ခံကားကြီး၊ ကားငယ်များဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

ဧည့်ခံဖျော်ဖြေ

ရန်ကုန်မြို့ ပြည်လမ်း အင်းလျားကန်ရှေ့ရှိ Air Bagan ရေကစားမဏ္ဍပ်၌ စတီရီယိုတေးသံရှင်များက ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်တွဲဖက်၍ နံနက်ပိုင်းမှ ညနေပိုင်းအထိ တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ထို့အတူ MBA မိသားစု ရေကစားမဏ္ဍပ်၌လည်း ကျောင်းသား ကျောင်းသူဟောင်းများက ပျော်ရွှင်စွာ ရေကစားကြသည်။

ရွှေဂုံတိုင်လမ်း

အလားတူ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းတစ်လျှောက်ရှိ Hotel SHWE GONE DAING ရေကစားမဏ္ဍပ်နှင့် တော်ဝင်နှင်းဆီရေကစားမဏ္ဍပ်တို့၌ ဂီတအနုပညာရှင်များ၊ သင်္ကြန်ယိမ်းအဖွဲ့များဖြင့် သီဆိုကပြ ဖျော်ဖြေတင်ဆက်ကြသည်။

ထို့ပြင် ရန်ကုန်မြို့တော်ခန်းမရှေ့ရှိ မြို့တော်ဝန် မဟာသင်္ကြန်ရေကစားမဏ္ဍပ်တွင်လည်း သင်္ကြန်ယိမ်းအဖွဲ့များက အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြကာ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ ပျော်ရွှင်စွာ ရေကစားကြသည်။ ညပိုင်းတွင် ပြိုင်ပွဲဝင် အက၊ အလှ၊ သဘာဝယာဉ်များ၊ သင်္ကြန်ယိမ်းအဖွဲ့များက ကဏ္ဍစုံလင်စွာ ဖျော်ဖြေတင်ဆက်ကြသည်။

အလားတူ ခရိုင်နှင့်မြို့နယ်၊ရပ်ကွက်များရှိ မဟာသင်္ကြန်မဏ္ဍပ်များတွင်လည်း

ယိမ်း အကအဖွဲ့များ၏ ဖျော်ဖြေတင်ဆက်မှုနှင့်အတူ ပျော်ရွှင်စွာ ရေကစားကြသည်။

ကျွေးမွေးလှူဒါန်း

ထို့အတူ ဒါနကတဝေဝေ၊ ရေတွေကတစ်ရွှဲရွှဲဆိုသကဲ့သို့ အာဟာရဒါန စတုဒိသာအလှူများကို လမ်းအလိုက်၊ ရပ်ကွက်အလိုက်၊ တစ်ဦးချင်းအလိုက် ကျွေးမွေးလှူဒါန်းကြကာ နှစ်သစ်ကို ကုသိုလ်ပုညတို့ဖြင့် အေးချမ်းပျော်ရွှင်စွာ ကြိုဆိုကြသည်။

မန္တလေး

အလားတူ ၁၃၇၁ ခုနှစ် မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် အကျနေ့ဖြစ်သော ယနေ့တွင် သင်္ကြန်ချစ်သူပြည်သူများသည် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ မင်္ဂလာရေသဘင်ပွဲတော်ကို အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲလျက်ရှိရာ နံနက်ပိုင်း၌ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ဇနီး ဒေါ်မိုးသီတာ၊ ဧည့်သည်တော်များနှင့် မြို့တော်စည်ပင်မိသားစုဝင်များသည် မြို့တော်ဝန် မဟာသင်္ကြန်ဗဟိုမဏ္ဍပ်၊ နန်းမြို့သူ သင်္ကြန်မဏ္ဍပ်နှင့် ရေကစားမဏ္ဍပ်တို့တွင် ရုပ်ရှင်၊ ဗီဒီယိုသရုပ်ဆောင်များ၊ အဆိုတော်များနှင့် သင်္ကြန်လုပျိုဖြိုများ၏ တေးဂီတအဖွဲ့နှင့် တွဲဖက်၍ အဆို၊ အတီး၊ အကများဖြင့် ဧည့်ခံဖျော်ဖြေမှုတို့ကို ကြည့်ရှုအားပေးကြကာ ဧည့်သည်တော်များနှင့်တကွ ရောက်လာကြသူများအား အတာရေများပက်ဖျန်းပေးကြပြီး သင်္ကြန်ပွဲ၌ ပါဝင်ဆင်နွှဲကြသည်။

သင်္ကြန်အကျနေ့က ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းမကြီးပေါ်ရှိ ဟိုတယ်ရွှေဂုံတိုင် မိသားစု ရေသဘင်မဏ္ဍပ်တွင် ရေပက်ကစားကြစဉ်။ (မြန်မာ့အလင်း)

ALPINE သင်္ကြန်ရေကစားမဏ္ဍပ်တွင် ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင်များ၊ တေးသံရှင်များနှင့် သင်္ကြန်လုပျိုဖြိုများက ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်တွဲဖက်၍ အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ ထို့အတူ ရေပက်ခံသူများ၊ ရေကစားကြသူများဖြင့် စည်ကားလျက်ရှိပြီး လမ်းများ၌ ရေပက်ခံယာဉ်များသည်လည်း စီတန်း၍ ရေပက်ခံလျက်ရှိသည်ကို တွေ့ရသည်။

ရေကစား

အလားတူ မဟာသင်္ကြန်ပွဲတော်တွင် ပါဝင်ဆင်နွှဲကြသည့် ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ သင်္ကြန်မဏ္ဍပ်များ၊ ရှမ်းတိုင်းရင်းသားလူမှုရေးအသင်း၏ Blue Mountain ရေကစားမဏ္ဍပ်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမိသားစု၏ ပိတောက်ရွှေရည် သင်္ကြန်မဏ္ဍပ်၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့၏ မေတ္တာရေစင်သင်္ကြန်မဏ္ဍပ် စသည့်သင်္ကြန်ရေကစားမဏ္ဍပ်များ၌ ကျုံးတော်ကြီးရေဖြင့် ပျော်ရွှင်စွာရေကစားကြပြီး အဆို၊ အတီး၊ အကတို့ဖြင့် ဧည့်ခံဖျော်ဖြေတင်ဆက်ကြသည်။

ညပိုင်းတွင် မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်ဗဟိုမဏ္ဍပ်၌ နေပြည်တော် ခရိုင် ကိုယ်စားပြု ပြည်ကြီးမဏ္ဍိုင် အလှပြယာဉ်၊ ရမည်းသင်းခရိုင် ကိုယ်စားပြု ရွှေသင်းမောင် သင်္ကြန်အလှယာဉ်နှင့် ကျုံခရိုင်ကိုယ်စားပြု သင်္ကြန်အလှပြယာဉ်များ လာရောက်ယှဉ်ပြိုင်ကြပြီး ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်များ၊ အဆိုတော်များနှင့် သင်္ကြန်လုပျိုဖြိုများက မြို့တော်စည်ပင်တေးဂီတအဖွဲ့နှင့်တွဲဖက်၍ အဆို၊ အကများဖြင့် ဧည့်ခံဖျော်ဖြေကြရာ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ဇနီး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးစန်းမောင်နှင့်ကော်မတီဝင်များ၊ စည်ပင်မိသားစုဝင်များနှင့်အနယ်နယ်အရပ်ရပ်မှ လာရောက်ကြည့်ရှုအားပေးကြသည့် သင်္ကြန်ချစ်သူပြည်သူများဖြင့် စည်ကားလျက်ရှိသည်။ **(သတင်းစဉ်)**

၂၀၁၀ခုနှစ် နေပြည်တော် မဟာသင်္ကြန်အကျနေ့

နေပြည်တော် မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်၌ ယိမ်းအကပြိုင်ပွဲများ၊ ဖျော်ဖြေရေးအစီအစဉ်များဖြင့် မဟာသင်္ကြန် ရေသဘင်ပွဲဆင်နွှဲ

နေပြည်တော် ဧပြီ ၁၄

၂၀၁၀ခုနှစ် နေပြည်တော် မဟာသင်္ကြန်အကျနေ့တွင် နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန် ရေသဘင်မဏ္ဍပ်၌ ဖျော်ဖြေရေး အစီအစဉ်များနှင့် ယိမ်းအကပြိုင်ပွဲများကို ကျင်းပရာ သင်္ကြန်ပွဲ ဆင်နွှဲသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

အထူးစည်ကား

ရှေးဦးစွာ နေပြည်တော်မြို့တော်ဝန် မဟာရေသဘင်မဏ္ဍပ်၌ အမှတ်(၁) စက်မှုဝန်ကြီးဌာန ယိမ်းအဖွဲ့၊ ပြန်ကြားရေးဝန်ကြီးဌာန ယိမ်းအဖွဲ့၊ Moon Ray ကုမ္ပဏီယိမ်းအဖွဲ့၊ ပညာရေးဝန်ကြီးဌာန ယိမ်းအဖွဲ့၊ တက်လမ်းဆောက်လုပ်ရေး ကုမ္ပဏီယိမ်းအဖွဲ့၊ ACE ကုမ္ပဏီယိမ်းအဖွဲ့၊ Golden Flower ကုမ္ပဏီယိမ်းအဖွဲ့၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ယိမ်းအဖွဲ့၊ သိဏ်းကုမ္ပဏီယိမ်းအဖွဲ့၊ ကျန်းမာရေးဝန်ကြီးဌာန ယိမ်းအဖွဲ့၊ ရွှေဧည့်သည်ဟိုတယ်ယိမ်းအဖွဲ့၊ ယဉ်ကျေးမှုဝန်ကြီးဌာန ယိမ်းအဖွဲ့၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ယိမ်းအဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန ယိမ်းအဖွဲ့၊ ရွှေနန်းတော်ဟိုတယ် ယိမ်းအဖွဲ့၊ ရွှေတောင်ဖွံ့ဖြိုးရေးကုမ္ပဏီ ယိမ်းအဖွဲ့၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ယိမ်းအဖွဲ့၊ A1 ဆောက်လုပ်ရေးကုမ္ပဏီ ယိမ်းအဖွဲ့၊ TZTM ကုမ္ပဏီယိမ်းအဖွဲ့နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ယိမ်းအဖွဲ့တို့က ယှဉ်ပြိုင်ကပြဖျော်ဖြေကြပြီး နိုင်ငံကျော်အနုပညာရှင်များနှင့် တေးသံရှင်များ ဖြစ်ကြသော မာရဇ္ဇ၊ မေဟသီ၊ သန္တာဘို၊ ဖူးဖူးမောင်၊ ငြိမ်းငြိမ်းအိ၊ မျိုးသန္တာထွန်း၊ မေသန်းနု၊ ငယ်ငယ်၊ ချိုပြုံး၊ ကြိုးကြာ၊ ဂျင်းနီ၊ ရဝေအောင်၊ ရဲထိုက်နှင့် စောမင်းနောင်တို့က အတာသင်္ကြန်သီချင်းများဖြင့် သီဆိုဖျော်ဖြေကြကာ မဟာသင်္ကြန် ရေသဘင်ပွဲ ဆင်နွှဲသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

သီဆိုဖျော်ဖြေ

ထို့နောက် မွန်းလွဲပိုင်းတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ယိမ်းအဖွဲ့၊ ACE ယိမ်းအဖွဲ့၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ယိမ်းအဖွဲ့၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ယိမ်းအဖွဲ့၊ သင်္ဂဟဟိုတယ်ယိမ်းအဖွဲ့၊ တက်လမ်း ဆောက်လုပ်ရေးကုမ္ပဏီ ယိမ်းအဖွဲ့၊ Max Myanmar ကုမ္ပဏီ ယိမ်းအဖွဲ့၊ နိုင်ငံခြားရေးဝန်ကြီးဌာန ယိမ်းအဖွဲ့၊ရတနာသိဃ်ဟိုတယ်ယိမ်းအဖွဲ့၊ Original Group ကုမ္ပဏီယိမ်းအဖွဲ့နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ယိမ်းအဖွဲ့တို့က ယှဉ်ပြိုင်ကပြဖျော်ဖြေကြပြီး တေးသံရှင်များ ဖြစ်ကြသော ရဲထိုက်၊ စောမင်းနောင်၊ အိအိလင်း၊ စန်းနီလာဝင်း၊ နန်းကဗျာနှင့် စန္ဒာဦးတို့က အတာသင်္ကြန်သီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။ **(သတင်းစဉ်)**

မဟာသင်္ကြန်အကျနေ့က မန္တလေးနန်းမြို့ ကျုံးတောင်ဘက် ၂၆လမ်းနှင့် ၇၃လမ်းထောင့်ရှိ မြန်မာ့ဆင်ရေကစားမဏ္ဍပ်တွင် ရေကစားကြစဉ်။ (သတင်းစဉ်)

တော်ဝင်မိသားစုဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ် မဟာသင်္ကြန်ပွဲတော်တွင် ပါဝင်ဆင်နွှဲ

ရန်ကုန် ဧပြီ ၁၄

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် တော်ဝင်မိသားစု ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၁၃ရက် (သင်္ကြန်အကြိုနေ့) မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ပြည်လမ်းနှင့် မင်းရဲကျော်စွာလမ်းထောင့်ရှိ အဆိုပါမဏ္ဍပ်၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်

အခမ်းအနားတွင် တော်ဝင်မိသားစု ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးကိုကိုထွေးနှင့် အုပ်ချုပ်ရေးမှူး ဦးသန်းအောင်တို့က ဖဲကြိုးဖြတ်၍ ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ်ကို ဖွင့်လှစ်ပေးပြီး**(အောက်ပုံ)** တော်ဝင်မိသားစုယိမ်းအဖွဲ့က ကပြဖျော်ဖြေကြသည်။

ဖျော်ဖြေ

ဧပြီ ၁၃ရက် (သင်္ကြန်အကြိုနေ့)မှ ဧပြီ ၁၆ရက် (သင်္ကြန်အတက်နေ့) အထိ တော်ဝင်မိသားစု ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ်တွင် DJ-မျိုးနှင့်အဖွဲ့၊ ရဲလေး၊ ယုန်လေး၊ သက်သခင်၊ စိုးရန်အောင်၊ Hip Hop အဖွဲ့များ၊ ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် အနုပညာရှင်များ၊ ယူရေနီယမ်အကအဖွဲ့၊ တော်ဝင်မိသားစု ယိမ်းအဖွဲ့နှင့် ကျောင်းပေါင်းစုံမှ ယိမ်းအဖွဲ့တို့က ဖျော်ဖြေကြမည်ဖြစ်သည်။ ထို့အပြင် နံနက်ပိုင်းတွင် ထမင်းနှင့် မွန်းလွဲပိုင်းတွင် မြန်မာ့ရိုးရာ အစားအစာများကို စတုဒိသာလှူဒါန်းမည်ဖြစ်သည်။

ဆက်သွယ်နိုင်

တော်ဝင်မိသားစုကုမ္ပဏီလီမိတက်သည် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်း အမှတ် ၄၅ (ပြည်လမ်း စိန်ဂေဟာရှေ့)၌ မြန်မာနိုင်ငံတွင် အကြီးဆုံးစူပါမားကတ်ကို တည်ဆောက်လျက်ရှိပြီး ဆိုင်ခန်းရယူလိုသူများသည် ဖုန်း-၅၁၆၁၇၁ နှင့် ၅၀၂၉၂၃တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်

နေပြည်တော် ဧပြီ ၁၄

ဧပြီ ၁၄ရက် နံနက် ဝ၆နာရီ ၂၄မိနစ် ၁၅စက္ကန့်တွင် ကမ္ဘာ့အေး မြေငလျင်စခန်းမှ မြောက်ဘက် မိုင် ၁၀၀၀ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပ (ကွမ်ဟိုင်းတောင်ပိုင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ဒသမ ၉ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်သွားသည်ကို တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနက သတင်း ထုတ်ပြန်သည်။

(သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်

၁၄-၄-၂၀၁၀

ချောက်မြို့	၄၃ ဒသမ ၈ ဒီဂရီစင်တီဂရိတ်
မြင်းခြံမြို့	၄၃ ဒသမ ၆ ဒီဂရီစင်တီဂရိတ်
မန္တလေးမြို့	၄၃ ဒီဂရီစင်တီဂရိတ်
ညောင်ဦးမြို့	၄၃ ဒီဂရီစင်တီဂရိတ်
မင်းဘူးမြို့	၄၃ ဒီဂရီစင်တီဂရိတ်
မကွေးမြို့	၄၃ ဒီဂရီစင်တီဂရိတ်

● *ကျောဖုံးမှ*

ဆင်နွှဲ

နေပြည်တော်တွင် လှပဝင့်ထည်သည့် သင်္ကြန်မဏ္ဍပ်ကြီးများဖြင့် နာမည်ကြီးအနုပညာရှင်များ၊ တေးသံရှင်များက လာရောက်ဆင်နွှဲကြသဖြင့် နေပြည်တော် ပျဉ်းမနား၊ တောင်ငူနှင့် ပဲခူးမြို့တို့မှ သင်္ကြန် ပျော်တို့ကလည်း နေပြည်တော်သင်္ကြန်ပွဲကို တကူးတက လာရောက်ဆင်နွှဲကြသည်ကို တွေ့ရသည်။ ထို့ကြောင့် သင်္ကြန်မဏ္ဍပ်များရှိရာ နေပြည်တော် ရာဇသင်္ဂဟလမ်း

ထို့အပြင် The Aces တေးဂီတအဖွဲ့က ပင်တိုင်တီးခတ်ကာ အဆိုတော်မာရဒ္ဓန၊ ကြိုးကြာ၊ ငယ်ငယ်၊ သရုပ်ဆောင် အကယ်ဒမီမေသန်းနု၊ အကယ်ဒမီချိုပြုံး၊ အကယ်ဒမီ မျိုးသန္တာထွန်း၊ ဇူးဇူးမောင် စသည့် အနုပညာရှင်များက နေ့စဉ် ပရိသတ်များကို ဖျော်ဖြေလျက်ရှိသည်။

နေပြည်တော်မြို့တော်ဝန် မဟာ သင်္ကြန်မဏ္ဍပ်၌ တေးသီချင်း သီဆိုဖျော်ဖြေရန် အလှည့်စောင့်နေသည့်

တစ်စီးချင်း စနစ်တကျ ဝင်ရောက်ရေပက်ခံနေကြသည်ကို တွေ့ရသည်။ စင်မြင့်ပေါ်တွင် ယိမ်းအဖွဲ့များကလည်း ညီညာလှပနွဲ့ပျောင်းစွာ ကပြဖျော်ဖြေနေကြသည်မှာ ကြည်နူးဖွယ်ရာ မြင်ကွင်း၊ ချမ်းမြေ့ဖွယ်ရာ မြင်ကွင်းပင် ဖြစ်သည်။

ပျော်ရွှင်

ထို့နောက်သတင်းအဖွဲ့ နေပြည်တော် ရာဇသင်္ဂဟလမ်းရှိ ဟိုတယ်ဇုန်မဏ္ဍပ်များသို့ ထွက်လာခဲ့သည်။ နိုင်ငံကျော်အနုပညာ

နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ ရေပက်သူများ၊ ရေပက်ခံ မော်တော်ယာဉ်များနှင့် ဤသို့ စည်ကားစွာ တွေ့ရသည်။

တစ်လျှောက် ရေပက်ခံမော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များဖြင့် ပြည့်ကျပ်လျက် ရှိနေသည်။

မြို့တော်ဝန်မဏ္ဍပ်

နေပြည်တော် မြို့တော်ခန်းမဝင်း အတွင်း တည်ဆောက်ထားသော နေပြည်တော် မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်သို့ သတင်းအဖွဲ့ ရောက်ချိန်တွင် ရေပက်ခံ မော်တော်ယာဉ်များဖြင့် စည်ကားနေပြီ ဖြစ်သည်။ နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ကို ပုဂံ ပုံရိပ်လွှမ်း အောင် ဒီဇိုင်းအမြင်ဆန်းစွာ တည်ဆောက်ထားသည်။ မဏ္ဍပ်နဖူးစည်း အနားသတ်များတွင် လှပသော ကနုတ်ပန်းများဖြင့် ပုံဖော်ထားသည်။ အဝါနှင့် အစိမ်းရောင်တို့ကို ခြယ်မှုန်းမွမ်းမံပြင်ဆင်ထားသဖြင့် မဏ္ဍပ်တည်ဆောက်မှုဒီဇိုင်းကို မြင်တွေ့ရသည်မှာ သင်္ကြန်အသွင်အပြင်ကို ထင်ဟပ် ပေါ်လွင်လျက်ရှိသည်။ ထည်ဝါခံ့ညားပြီး ဝင့်ဝင့်ထည်ထည်ရှိသဖြင့် နေပြည်တော် မဟာသင်္ကြန်ပွဲ ဂုဏ်ဒြပ်ကို တိုးမြှင့်ထင်ဟပ် ပုံပေါ်စေလျက်ရှိသည်။

ယိမ်းအဖွဲ့များ

သင်္ကြန်ပွဲတော်ရက်များအတွင်း နေပြည်တော် မြို့တော်ဝန်မဏ္ဍပ်၌ ယိမ်းအဖွဲ့ပေါင်း ၆၈ဖွဲ့က ကပြဖျော်ဖြေနေပြီဖြစ်သည်။ ဝန်ကြီးဌာနများမှ ယိမ်းအဖွဲ့ ၃၃ဖွဲ့၊ ကုမ္ပဏီများမှ ယိမ်းအဖွဲ့ ၁၉ဖွဲ့၊ ဟိုတယ်များမှ ယိမ်းအဖွဲ့ ၁၃ဖွဲ့၊ တပ်မတော်ယိမ်းအဖွဲ့ သုံးဖွဲ့တို့က နေ့စဉ် အလှည့်ကျ ကပြဖျော်ဖြေနေကြသည်။

နေပြည်တော်ဟိုတယ်ဇုန်ရှိ သင်္ကြန်မဏ္ဍပ်များရှေ့ လမ်းမပေါ်တွင် သင်္ကြန်ပျော်ပြည်သူများ ဤသို့ ပြည့်ကျပ်လျက် တိုးမပေါက်အောင် စည်ကားလှသည်။

ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ မေသန်းနုအား တွေ့ဆုံမေးမြန်းရာ “မြို့တော်ဝန် မဏ္ဍပ်မှာ သင်္ကြန်ပွဲတော် ပြီးဆုံးတဲ့အထိ ဖျော်ဖြေသွားမှာပါ၊ သီချင်းလည်း ဆိုမယ်၊ အကလည်း ကမယ်။ သင်္ကြန်သီချင်း တွေပဲ ဆိုမှာဖြစ်ပြီး ဇူးဇူးမောင် အကနဲ့ တွဲဖက် ဖျော်ဖြေမှုတွေလည်း ပါဝင်မှာ ဖြစ်ပါ တယ်”ဟု သတင်းအဖွဲ့သို့ ရှင်းပြသည်။ တစ်ဖန် အဆိုတော် မာရဒ္ဓနကလည်း

“ကျွန်တော်ကတော့ တစ်နေ့ကို သီချင်း ခြောက်ပုဒ်လောက် ဆိုဖြစ်မှာပါ၊ ဒါက တခြားအနုပညာရှင်တွေကိုလည်း အလှည့် ပေးရတာမို့ပါ၊ နေပြည်တော် သင်္ကြန် ပွဲတော်မှာ အားရအောင် သီဆိုဖျော်ဖြေသွား မှာ ဖြစ်ပါတယ်”ဟု ပြောပြသည်။

နေပြည်တော်မြို့တော်ဝန် မဟာ သင်္ကြန်မဏ္ဍပ်ရှေ့တွင် ရေပက်ခံကားများက

ရှင်များနှင့် အဆိုတော်များက အားပါးတရ သီဆိုဖျော်ဖြေနေကြရာ လာရောက်ကြည့်ရှုအားပေးသည့် ပရိသတ်နှင့် ရေပက်ခံ မော်တော်ယာဉ်များဖြင့် ကားလမ်းပြည့်ကျပ် လျက်ရှိနေသည်။ မဏ္ဍပ်တိုင်းတွင် တိုးမပေါက်အောင် စည်ကားသိုက်မြိုက် လျက်ရှိရာ နေပြည်တော် အတာသင်္ကြန် ပွဲတော်ကား လွတ်လပ်ပျော်ရွှင်စရာအတိ ဖြစ်နေတော့သည်။

များပြား

နေပြည်တော်ရှိ အဓိကလမ်းမကြီးများတွင် ရေပက်မဏ္ဍပ်လေးများရှိရာ ရေပက်နေကြသူများ၊ ရေပက်ခံမော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များက မပြတ်တမ်း မောင်းနှင်သွားလာလျက် စည်ကားစွာတွေ့မြင်ရသည်။ နေပြည်တော်

“မြို့တော်ဝန်မဏ္ဍပ်မှာပဲ သင်္ကြန် နောက်ဆုံးရက်အထိ အဆို၊ အကနဲ့ ဖျော်ဖြေသွားမှာပါ”

အကယ်ဒမီမေသန်းနု။

“ပရိသတ်အကြိုက် တေးတွေနဲ့ သင်္ကြန်ရက်တွေမှာ သီဆိုဖျော်ဖြေသွား မယ်”

အဆိုတော် ကော်နီ။



“တစ်နေ့ကို သီချင်းခြောက်ပုဒ် လောက် သီဆိုဖျော်ဖြေသွားမှာပါ”

အဆိုတော် မာရဒ္ဓ။

အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)ရှိ ရန်ကုန်တိုင်း ရေပက် မဏ္ဍပ်ကို ဤသို့တွေ့ရသည်။

နေပြည်တော်မြို့တော်ဝန် မဟာ သင်္ကြန်မဏ္ဍပ်၌ ဤသို့ ယိမ်းအဖွဲ့များက ဖျော်ဖြေကပြကြသည်။

ပျဉ်းမနားရှိ ရန်ကုန်-မန္တလေးကားလမ်းနှင့် ချယ်ရီလမ်းထောင့်တွင်ရှိသော သင်္ကြန် မဏ္ဍပ်၌ ရေပက်နေကြသူများ၊ ရေပက်ခံ မော်တော်ယာဉ်များနှင့် တေးဂီတဖျော်ဖြေ တင်ဆက်နေသူများနှင့် စည်ကားလျက်ရှိ သည်။

နေပြည်တော် အတာသင်္ကြန်ပွဲတော်၌ လာရောက်ဖျော်ဖြေနေသော တေးသံရှင် ကော်နီနှင့် တွေ့ဆုံမေးမြန်းခဲ့ရာ “သင်္ကြန်ရက်တွေမှာတော့ နေပြည်တော်ရွှိုင်ရယ်၊ နေပြည်တော်ဟိုတယ်မဏ္ဍပ်မှာ သီဆိုဖျော်ဖြေမှာပါ။ သီချင်းတွေက ပရိသတ်အကြိုက်နဲ့ မကော်အကြိုက်တွေ အားရအောင် သီဆိုသွားမှာဆိုတော့ ပရိသတ်တွေ ပျော်ကြမှာပါ”ဟု ပြောကြားသည်။

အမျိုးသားအထိမ်းအမှတ်ဥယျာဉ်

ထို့နောက် နေပြည်တော်ရှိ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်သို့ သတင်းအဖွဲ့ ရောက်ရှိခဲ့သည်။ တနင်္သာရီတိုင်း နေရာတွင် တည်ဆောက်ထားသော သင်္ကြန်မဏ္ဍပ်သို့ ရောက်ရှိရာ ရေပက်နေကြသူများ၊ တေးသီချင်းသီဆိုဖျော်ဖြေနေကြသူများဖြင့် စည်ကားလျက်ရှိသည်။ ရေပက်ခံထွက်လာသည့် မော်တော်ယာဉ်မျိုးစုံကလည်း အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)မဏ္ဍပ်၌ ပျော်ရွှင်စွာ ရေပက်ခံကာ တေးသီချင်းဖြင့် ကခုန်နေကြသည်ကို တွေ့ရသည်။

အမျိုးသားအထိမ်းအမှတ် ဥယျာဉ် (နေပြည်တော်)တွင် မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် သင်္ကြန်မဏ္ဍပ် တည်ဆောက်ကာ သင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲနေကြသည်ကို တွေ့ရသည်မှာ ကြည်နူးပျော်ရွှင်စရာပင်ဖြစ်သည်။ ရေပက်မဏ္ဍပ်လေးများကိုလည်း နေရာအများအပြား၌ မြင်တွေ့ရပြီး ရေပိုက်ကိုယ်စီကိုင်ကာ ရေပက်ခံထွက်လာသူများအား ပျော်ရွှင်စွာ ရေပက်လျက်ရှိကြသည်။

အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)အတွင်း ရေပက်ခံကားများ၊ သင်္ကြန်မဏ္ဍပ်များကို မြင်တွေ့ရသည်မှာ မြန်မာနိုင်ငံတစ်ဝန်း သင်္ကြန်ပွဲတော် ဆင်နွှဲနေကြသည့်အလား ခံစားရကာ သင်္ကြန်အပျော်စိတ်များ ရင်ထဲသို့ ကူးစက်ခဲ့ရသည်။

စည်ကားသိုက်မြိုက်

နေပြည်တော်အတာသင်္ကြန်ပွဲတော်ကား မဟာသင်္ကြန်အကျနေ့၌ စည်ကားသိုက်မြိုက်စွာ သင်္ကြန်အပျော်များဖြင့် ဝေစည်လျက် ရှိနေပါကြောင်း။ ။

(မြန်မာ့အလင်း)

နေပြည်တော် ရာဇသင်္ဂဟလမ်းတစ်လျှောက် ရေပက်ခံထွက်လာသည့် ပြည်သူများနှင့် မော်တော်ယာဉ်များက ဤသို့ စည်ကားများပြားစွာ....။

နေပြည်တော်ဟိုတယ်ဇုန်ရှိ Max Myanmar ကုမ္ပဏီ ရေသဘင်မဏ္ဍပ်တွင် ဤသို့ ပျော်ရွှင်ချမ်းမြေ့စွာ အတာရေသဘင်ပွဲ ဆင်နွှဲနေကြသည်။ (သတင်းစဉ်)

အေးချမ်းပျော်ရွှင် ရေသဘင် နေပြည်တော်တစ်ခွင် ချစ်ကြည်စွာ ဆင်နွှဲ ရိုးရာအတာပွဲ

နေပြည်တော်ပျဉ်းမနားရှိ Happy Time ကုမ္ပဏီ ရေကစားမဏ္ဍပ်တွင် သကြိန်သမီးပျိုလေးများက အတာရေများ ပက်ဖျန်း ကစားကြသည်မှာ....။ (သတင်းစဉ်)

စည်

နေပြည်တော်ဟိုတယ်ဇုန်ရှိ Max Myanmar ကုမ္ပဏီ ရေသဘင်မဏ္ဍပ်၌ အနုပညာရှင်များ၏ တေးသံသာများ လွှင့်ပျံ့လျက်ရှိသည်။ (သတင်းစဉ်)

ညပိုင်းတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ ရေသဘင်မဏ္ဍပ်များ၌ ဖျော်ဖြေရေးအစီအစဉ်များဖြင့်တင်ဆက်ရာ အနုပည
လှသည်။

နေပြည်တော်ဟိုတယ်ဇုန်ရှိ ရွှေသံလွင်ကုမ္ပဏီရေသဘင်မဏ္ဍပ်၌ အနုပညာရှင်များက တေးသံသာများဖြင့် အားပါးတရ ဖျော်ဖြေကြရာဝယ်....။

(သတင်းစဉ်)

နေပြည်တော်ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ် ရေသဘင်မဏ္ဍပ်တွင် ဤသို့ တပျော်တပါး ရေပက်ကစားနေကြသည်။

(သတင်းစဉ်)

နေပြည်တော်ပျဉ်းမနားရှိ KTM ရေကစားမဏ္ဍပ်၌ ရေပက်သူများ၊ ရေပက်ခံသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

(သတင်းစဉ်)

နေပြည်တော်ပျဉ်းမနားရှိ စပါယ်ရှယ် ရေကစားမဏ္ဍပ်၌ ရေပက်ခံသူများ ပျော်ရွှင်မြူးထူးလျက်....။

(သတင်းစဉ်)

်များ၌ ဖျော်ဖြေရေးအစီအစဉ်များဖြင့်တင်ဆက်ရာ အနုပညာချစ်ပရိသတ်များဖြင့် တိုးမပေါက်အောင် စည်ကား များပြား

(သတင်းစဉ်)

နေပြည်တော်ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ် ရေသဘင်မဏ္ဍပ်၌ အနုပညာရှင်များ အားပါးတရ ဖျော်ဖြေကြသည်မှာ....။ (သတင်းစဉ်)

စာမျက်နှာဖွဲ့စည်းမှု - မင်းထွန်း(မြန်မာ့အလင်း)

မြန်မာတို့၏ နှစ်ကူးသင်္ကြန်ပွဲတော်

မြန်မာ့ဆယ့်နှစ်လရာသီပွဲတော်များအနက် ပထမဦးဆုံးနှင့် ရက်ကာလအကြာဆုံးကျင်းပသည့် ပွဲတော်မှာ နှစ်ကူးသင်္ကြန်ပွဲတော်ပင်ဖြစ်သည်။ လူမျိုးမရွေး၊ ဘာသာမရွေး၊ အသက်အရွယ်နှင့် ကျား၊ မ မရွေး ပါဝင်ဆင်နွှဲနိုင်သဖြင့် အစည်ကားဆုံး၊ ပျော်ရွှင်ရဆုံး ပွဲတော်ကြီးဖြစ်သည်။

မြန်မာ့ပြက္ခဒိန်အလိုအရ တစ်ခါတစ်ရံ၌သာ ကဆုန်လဆန်း၌ သင်္ကြန်ကျလေ့ရှိသော်လည်း အများအားဖြင့်မူ တန်ခူးလ၌ သင်္ကြန်ကျလေ့ရှိသည်။ တန်ခူးလသည် မြန်မာ့ဆယ့်နှစ်လတွင် ပထမဦးဆုံးလဖြစ်သည်။ နွေရာသီသို့ ဝင်စပြုသော လဖြစ်သည်။ တစ်နိုင်ငံလုံးတွင် အပူရှိန်ကဲစ ပြုချိန်ဖြစ်သည်။ အညာမြေဒေသများ၌မူ ပိုမိုပူပြင်းသည်။ **“တန်ခူးရေကုန်၊ ကဆုန်ရေခန်း”** ဟုပင် ဆိုစမှတ်ပြုကြသည်။

သင်္ကြန်ကာလအနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ရွာသွန်းတတ်သည်။ ဖက်ဆွတ်မိုး၊ သင်္ကြန်မိုးဟု ခေါ်ကြသည်။ သင်္ကြန်မိုးကြောင့် မြေသင်းရနံ့များ သင်းပျံ့လာလေ့ရှိပြီး ရွက်နုသစ် ပုရစ်ဖူးကလေးများ လှပစွာ လူးလွန့်လာလေ့ရှိသည်။

တန်ခူးဟူသည် ပုဂံခေတ်က အရေးအသားဖြစ်သည်။ အင်းဝခေတ်တွင် တန်းခူးဟု ရေးသားကြသည်။ နောက်ပိုင်းကာလများတွင် တန်ခူး၊ တာခူးဟု ရေးသားလာကြသည်။ အများအားဖြင့် တန်ခူးလတွင် သင်္ကြန်ကျပြီး နှစ်ကူးလေ့ရှိသောကြောင့် အတာကူးသည့် တန်ခူးလဟု ဆိုစမှတ်ပြုကြသည်။ သင်္ကြန်ကာလများအတွင်း သင်းပျံ့မွှေးကြိုင်သော ကံ့ကော်ပန်း၊ သရဖီပန်း၊ ရင်ခတ်ပန်း၊ ပိတောက်ပန်းများ ပွင့်ကြသည်။ မြန်မာတို့က ပိတောက်ပန်းကို သင်္ကြန်ပန်းအဖြစ် အမြတ်တနိုး ခူးဆွတ်ပန်ဆင်ကြသည်။ ရက်တာရှည်စွာ အပင်မှာ တွဲလွဲခို၍ ပွင့်သောပန်းမှာ ငုရွှေဝါဖြစ်သည်။

တန်ခူးကို တာကူးဟုလည်း ရေးသားကြသည်။ အတာကူးမှ ဆင်းသက်လာပြီး မိန်ရာသီမှ မိဿရာသီသို့ သင်္ကြန်အတာကူးသောကြောင့် တာကူးလဟု ဆိုကြောင်း ဝေါဟာရ လီနတ္ထဒီပနီကျမ်း၌ လာသည်။ ထိုတာကူး၊ အတာကူး၏ အဓိပ္ပာယ်ကို အချို့ပညာရှင်များက အာသီဖြဟ္မာမင်း၏ဦးခေါင်းကို နတ်သမီးခုနစ်ယောက်က တစ်နှစ်ကို တစ်ယောက်ကျ တာဝန်ယူရသည်ကို အစွဲပြုကာ နှစ်ကုန်၍ နတ်သမီးတစ်ယောက်မှ နောက်တစ်ယောက်သို့ တာဝန်လွှဲပြောင်းသည်ကို တာကူး၊ အတာကူးဟု ခေါ်ဆိုကြောင်း ယူဆကြသည်။ ဆရာကြီး ဦးဖိုးလတ်ကမူ တန်ခူးလ၌ မည်သည့်ရာသီဥတု၊ ရတုမျှ ကူးပြောင်းခြင်းမရှိဘဲ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းခြင်းသာရှိ၍ တာကူး၊ အတာကူးဟူသည်မှာ နှစ်ကူးခြင်းသာ ဖြစ်ကြောင်း ဆိုမိန့်သည်။

လူမျိုးအသီးသီးသည် မိမိတို့ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့်အညီ နှစ်သစ်ကူးပွဲတော်များ ကျင်းပကြသည်။ နှစ်သစ်နှစ်ဆန်းကို ဝမ်းမြောက်ပျော်ရွှင်စွာ ကြိုဆိုကြသည်။ မြန်မာတို့၏ နှစ်ဟောင်းမှနှစ်သစ်သို့ ကူးပြောင်းချိန်တွင် ကျင်းပလေ့ရှိသောပွဲတော်မှာ သင်္ကြန်ပွဲတော်ဖြစ်သည်။

သင်္ကြန်ဟူသည် **“သင်္ကြန္တ”** ဟူသော သက္ကတပုဒ်၊ “သင်္ကန္တ” ဟူသော ပါဠိပုဒ်တို့မှ ဆင်းသက်လာခြင်းဖြစ်ပြီး ပြောင်းရွှေ့ခြင်း၊ ကူးပြောင်းခြင်းဟု အဓိပ္ပာယ်ရသည်။ ဗေဒင်ပညာရှင်တို့က တနင်္ဂနွေဂြိုဟ်ခေါ် နေမင်းသည် မိန်ရာသီမှ မိဿရာသီသို့ ပြောင်းရွှေ့ခြင်း၊ ကူးပြောင်းခြင်းဟု ဆိုကြသည်။ **“ခေါင်းဆေးသင်္ကြန်၊ ကောင်းညွှန့်လှန်၊ မကျန်စေ့စုံစွာ”** ဟူသော ကဝိလက္ခဏာ သတ်ပုံလင်္ကာနှင့်အညီ ကောင်းခြင်းမင်္ဂလာ ကြန်အင်လက္ခဏာများ တိုးပွားစေရန် သုတ်သင်ဆေးကြောခြင်း၊ ခေါင်းဆေးမင်္ဂလာပြုခြင်းကိုပင် သင်္ကြန်ဟုခေါ်ဆိုကြောင်း ဆိုမိန့်ကြသည်။

မြန်မာတို့ နှစ်သစ်ကူးချိန်သည် မိန်ရာသီမှ မိဿရာသီသို့ ကူးပြောင်းချိန်ဖြစ်သည်။ ရာသီရုပ်မှာ ငါးကြင်းနှစ်ကောင် ဖြစ်သည်။ နက္ခတ်က မြွှးသဏ္ဌာန်ရှိ ရေဝတီနက္ခတ်ဖြစ်သည်။ တာရာက ဥဗျိုင်းရေငှက် တာရာဖြစ်သည်။ နှစ်သစ်ကူးတွင် ရာသီကြိုက်၊ နက္ခတ်ကြိုက်၊ တာရာကြိုက်ရေကို ရှေးမြန်မာတို့ ဆီလျော်စွာ အသုံးပြုခဲ့ပုံရကြောင်း ဝေါဟာရ လီနတ္ထဒီပနီကျမ်းဆရာက ဆိုသည်။

နှစ်သစ်မင်္ဂလာ အခါတော်တွင် မြန်မာတို့ ပျော်ရွှင်ကြည်နူးစွာ ရေပက်ကစားခြင်းသည် အေးမြကြည်လင်ခြင်း၊ အညစ်အကြေးများကို ဆေးကြောသုတ်သင်ခြင်း၊ ရေကိုသား၍ အကြားမထင်ခြင်းဟူသော ရေနိမိတ်သုံးပါးကို ယူကြခြင်းဖြစ်သည်။ ပြည်သူအများ နှစ်သစ်ကူးရေစင်ကဲ့သို့ အေးမြကြည်လင်စေခြင်း၊ နှစ်ဟောင်းက အညစ်အကြေးများကို ဆေးကြောသန့်စင်စေခြင်း၊ ရေကိုသား၍ အကြားမထင်သကဲ့သို့ တိုင်းရင်းသား ပြည်သူများအားလုံး စည်းလုံးချစ်ခင်စေခြင်း သဘောပင်ဖြစ်သည်။

ပန်းတောင်းသန်းကြွယ်

စကြဝဠာအတွင်းရှိ ဂြိုဟ်နက္ခတ်တာရာများတွင် တစ်ခုအပါအဝင်ဖြစ်သော ဤမြေကမ္ဘာကြီးသည် သူရိယနေမင်းကို ဗဟိုပြုကာ လှည့်လည်သွားလာနေသည်။ ထိုသို့ လှည့်လည်သွားရာတွင် တစ်ပတ်ပြည့်ရာကာလကို တစ်နှစ်ဟု သတ်မှတ်သည်။ ထိုတစ်နှစ်သည် အရှေ့တိုင်း နက္ခတ္တပညာကျမ်းများအရ ၃၆၅ရက်၊ ၆နာရီ၊ ၁၂မိနစ်၊ ၃၇စက္ကန့် ကြာမြင့်သည်။ အနောက်တိုင်း နက္ခတ္တ ပညာကျမ်းများအရ ၃၆၅ရက်၊ ၅နာရီ၊ ၄၉မိနစ်၊ ၄၆စက္ကန့် ကြာမြင့်သည်။ ကမ္ဘာကြီးက နေကိုလှည့်ပတ်ခြင်း တစ်ပတ်ပြည့်၍ နောက်တစ်ပတ်ပြန်စရာကာလကို နှစ်သစ်ဟု ခေါ်သည်။ ထိုနှစ်သစ် ပထမဦးဆုံးနေ့ရက်ကို နှစ်ဆန်းတစ်ရက်၊ နှစ်သစ်ကူးနေ့ဟု ခေါ်ကြသည်။ ထိုနေ့ကို မင်္ဂလာရှိသောနေ့ထူး နေ့မြတ်အဖြစ် နိုင်ငံအသီးသီးက ကိုယ့်ယဉ်ကျေးမှု၊ ဓလေ့ထုံးစံတို့နှင့်အညီ နှစ်ကူးပွဲများ ကျင်းပကြသည်။

နှစ်ဆန်းချိန်သည် လူမျိုးအလိုက် ကွဲပြားသည်။ အချို့က ဧပြီလထဲမှာ နှစ်ဆန်း၍ အချို့က ဇန်နဝါရီလထဲမှာ နှစ်ဆန်းသည်။ အချို့က နှစ်ဆန်းပွဲမှာ ရေကစားသည်။ အချို့က မီးရောင်စုံထွန်းညှိကြသည်။ အချို့က ဘုရားဝတ်ပြုဆုတောင်းပြီး အချို့ကမူ မီးရှူးမီးပန်းများ ပစ်ဖောက်ကြသည်။ ပွဲတော်ကျင်းပကြိုဆိုပုံ ကွဲပြားသော်လည်း နှစ်ဟောင်းက အညစ်အကြေးများကို ဆေးကြောပယ်ဖျောက်လိုခြင်း၊ နှစ်သစ်ကိုဝမ်းပန်းတသာ ခင်းကျင်းကြိုဆိုခြင်း၊ မိဘ နှစ်ပါးနှင့် သက်ကြီးဝါကြီးများကို ဂါရဝပြု၍ စားသောက်ဖွယ် အဝတ်အထည်၊ ဆေးဝါးတို့ဖြင့် ကန်တော့ခြင်း၊ ကြက်၊ ငှက်၊ နွား၊ ငါး စသည့် သတ္တဝါများကို ဘေးမဲ့လွှတ်ခြင်း၊ ဘာသာဓလေ့များအရ စိတ်ကောင်းမွေး၊ ကုသိုလ်ကောင်းမှုပြုခြင်းတို့မှာမူ တစ်သဘောတည်းပင် ဖြစ်သည်။

အဟောင်းမှအသစ်သို့ ကူးပြောင်းခြင်းသည် ကောင်းခြင်းမင်္ဂလာပင်ဖြစ်သည်။ နှစ်သစ်သို့ ကူးပြောင်းခြင်းကိုလည်း မင်္ဂလာဟုအများက သတ်မှတ်လက်ခံကြသည်။ လူမျိုးအသီးသီး၊ ဘာသာအသီးသီးတို့သည် မိမိတို့ဓလေ့ဘာသာအလိုက် ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြသည့် မင်္ဂလာရှိသောကာလပင်ဖြစ်သည်။ မင်္ဂလာဟူသည် ကုသိုလ်တရား၏ နာမည်ကွဲတစ်ခုဖြစ်သည်။ ထို့ကြောင့်ကုသိုလ်ရှိလျှင် မင်္ဂလာရှိသည်။ ကုသိုလ်ပြုလျှင် မင်္ဂလာရှိသည်။ မင်္ဂလာရှိဖို့အတွက် ကုသိုလ်ကောင်းမှုတစ်ခုခု ပြုနေဖို့လိုသည်။

မြန်မာတို့၏ နှစ်သစ်ကူးသင်္ကြန်ပွဲတော်ကာလတွင် နှစ်သစ်ကိုကြိုဆိုသော သဘောဖြင့် မေတ္တာရေစင် ဖျန်းပက်ကစားကြသည်။ နှစ်ဟောင်းမှ အညစ်အကြေးများကင်းစင်၍ နှစ်သစ်ကို စိတ်သစ်လူသစ်ဖြင့် သန့်သန့်စင်စင်ကူးဝင်နိုင်ပါစေဟု စေတနာထားကာ ရေစင်သွန်းလောင်းကြခြင်း ဖြစ်သည်။ ထို့ပြင် သီလယူခြင်း၊ ဥပုသ်သီတင်းစောင့်ခြင်း၊ နှစ်ဦးဆွမ်းကျွေးခြင်း၊ သက်ကြီးပူဇော်ခြင်း၊ ဘေးမဲ့လွှတ်ပွဲများကျင်းပခြင်း၊ သက်ကြီးဝါကြီးများအား ခြေသည်း လက်သည်း ညှပ်ပေးခြင်း၊ ခေါင်းလျှော်ပေးခြင်း၊ ကျောင်းကန်ဘုရားများတွင် စုပေါင်းသန့်ရှင်းရေးလုပ်ခြင်း စသည်တို့ဖြင့် ကုသိုလ်ကောင်းမှုများကို အားကြိုးမာန်တက် ဆောင်ရွက်ကြသူများဖြစ်ရာ မြန်မာတို့သည် မင်္ဂလာရှိသူများဖြစ်သည်။

မင်္ဂလာရှိသော မြန်မာတို့သည် ကမ္ဘာ့အလယ်တွင် ယဉ်ကျေးမှုအဆင့်မြင့်မားသော လူမျိုးအဖြစ် တင့်တင့်တယ်တယ်၊ ထည်ထည်ဝါဝါ ကမ္ဘာတည်သရွေ့ နေနိုင်ရအောင် မိမိတို့ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးစံများကို ချစ်ခင်လေးမြတ်စွာ စောင့်ထိန်းသင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။ ။

ညှော်သည်ပန်းနှင့် နှစ်ဆန်းချိန်

* ဥသြနွေငှက်၊ ပင်ကိုင်းထက်
နှုတ်ဆက်သံချို နွေတေးဆို။

* တမ်းတလည်းပို၊ ရင်မှာဖို
စောင့်ကြိုလက်ကမ်း၊ ညှော်သည်ပန်း။

* နှစ်ဟောင်းလွန်မြောက်၊ နှစ်သစ်ရောက်
ပိတောက်ပွင့်ပြီ သည်ရာသီ။

* တစ်နှစ်တစ်ခေါက်၊ အလည်ရောက်
ပိတောက်ညှော်သည်၊ နွေညှော်သည်။

* သစ္စာမဖောက်၊ ချိန်မှန်ရောက်
တစ်ခေါက်တစ်ခါ၊ တစ်ရက်သာ။

* အားရွှင်မြူး၊ ပွင့်ငုံဖူး
ခူးကြခြွေကြ ပန်ဆင်ကြ။

* ဘုရားလည်းတင်၊ ခေါင်းမှာဆင်
ခင်သူလည်းမျှ ပေးဝေကြ။

* တစ်မနက်သာ၊ ပွင့်ရရှာ
သီပါသော်လည်း ရောက်လာမြဲ။

* မြန်ပြည်အဝှမ်း အေးရိပ်လွှမ်း
ပက်ဖျန်းရေစင် တာသဘင်။

* ရင်မှာကြည်နူး၊ လှပုံထူး
နွေဦးကျက်သရေ ရွှန်းရွှန်းဝေ။

* သဒ္ဓါကြည်ဖြူ၊ ငါးလွှတ်သူ
ကုသိုလ်ယူကြ မြတ်ဒါန။

* သစ်ထူးရွှင်မြူး၊ နှစ်သစ်ကူး
ကြည်နူးကြစေ တောင်းဆုခြွေ။

* အဟောင်းအညစ်၊ စွန့်ခွာပစ်
နှစ်သစ်ကိုရည် စိတ်မြတ်တည်။

မောင်မောင်မိုးအောင်

ဆေးပဒေသာပင်လှူဒါန်း

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မင်္ဂလာလမ်းနေ ဦးသန်းအောင်(နိုင်ငံတော်ဝီပဗ္ဗလစ် နှင့် တရားရုံးချုပ်ရှေ့နေ) မွေးနေ့အထိမ်းအမှတ်အဖြစ် ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

မြောက်ပိုင်းဒေသများ၌ ကွက်ကျားမိုးရွာဖွယ်

နေပြည်တော် ဧပြီ ၁၄

__ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ__ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ၊ ချင်းပြည်နယ်တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၇ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပူတာအိုမြို့တွင် ၀ဒသမ ၆၇လက်မနှင့် မချမ်းဘောမြို့တွင် ၀ဒသမ ၃၉လက်မတို့ ဖြစ်ကြသည်။

__ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ__ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

__ဧပြီ ၁၅ရက် ညနေအထိ ခန့်မှန်းချက်မှာ__ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

__မြန်မာ့ပင်လယ်ပြင်တွင်__ လှိုင်းအသင့်အတင့်ရှိမည်။

__နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ__ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ဆက်လက်ထစ်ချုန်းရွာနိုင်သည်။

__နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင်__ ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြဝတီရုပ်မြင်သံကြား

၁၅-၄-၂၀၁၀ (ကြာသပတေးနေ့)

__နံနက်ပိုင်း__

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၀ ၇။ ခါသင်္ကြန် အဆို၊ အကများ
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

__ညပိုင်း__

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ တရားတော်
၄:၃၀ ၄။ မျိုးချစ်တပ်မတော်
၄:၄၀ ၅။ အမျိုးသားရေးတေးကဗျာ
၄:၄၅ ၆။ ခါသင်္ကြန် အဆို၊ အကများ
၄:၅၅ ၇။ မြန်မာသံစဉ် ချိုနားဝင်
၅:၀၀ ၈။ ခါသင်္ကြန် အဆို၊ အကများ
၅:၃၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၅ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၂။ လျှပ်တစ်ပြက်
၆:၄၀ ၁၃။ ကာတွန်းအစီအစဉ် **စွန့်စားသူတို့ပျော်စံရာ** (အပိုင်း-၄)
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်နှစ်သည်းချာ** (အပိုင်း-၁၇)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ နိုင်ငံတကာသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ မြန်မာ့ရိုးရာသင်္ကြန် ဂုဏ်ပြုဇာတ်လမ်း **တန်ခူးလမှာရက်ရာဇာ** စုမီ၊ သင်ဇာဝင့်ကျော်၊ ယွန်းရွှေရည်နှင့် အနုပညာရှင်များ (ဒါရိုက်တာ-ကျော်ဇောလင်း၊ အတွေးပုံရိပ်)
၂၀။ ကုန်သွယ်သုတ
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ကမ္ဘာ့ည်းတွင်မည့် ချင်သူရဲကောင်း** (အပိုင်း-၁၂)

လယ်ယာစပါး
ပြည့်အားထား
တားဆီးကာကွယ်
မီးရန်စွယ်

၁၃၇၁ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်

ပြည်နယ်နှင့်တိုင်းများ၌ စည်ကားသိုက်မြိုက်စွာကျင်းပ

နေပြည်တော် ဧပြီ ၁၄

၁၃၇၁ခုနှစ် ကချင်ပြည်နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ရက် ညနေ ၅နာရီက မြစ်ကြီးနားမြို့ မဟာသင်္ကြန်ပွဲတော် ဇဟိုမဏ္ဍပ်၌ ကျင်းပရာ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်းနှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ယိမ်းအကအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ အနောက်တောင်တိုင်းစစ်ဌာနချုပ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

သီဆိုကပြ

အစီအစဉ်အရ မဟာသင်္ကြန်ပွဲတော် ဆင်နွှဲရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်းက မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို ဖွင့်လှစ်ပေးလိုက်ကြောင်း ကြေညာကာ တာဝန်ရှိသူများက ဇဟိုမဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ တစ်ချိန်တည်းမှာပင် ဇဟိုမဏ္ဍပ်မှ ယိမ်းအကအဖွဲ့များကလည်း သင်္ကြန်တေးသီချင်းများဖြင့် သီဆိုကပြ ဖျော်ဖြေကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဇနီးတို့က တက်ရောက်လာကြသော ယိမ်းအကအလှအဖွဲ့များနှင့် ပရိသတ်များအား သပြေခက်တို့ဖြင့် အတာသင်္ကြန်ရေ ပက်ဖျန်းပေးကြသည်။

ဇဟိုမဏ္ဍပ်၌ ကျင်းပရာ ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ တပ်မတော် အရာရှိကြီးများ၊တိုင်းအဆင့်ဌာနဆိုင်ရာများ၊

ပျော်ရွှင်ဆင်နွှဲသင်္ကြန်ပွဲ

* သည်နွေဦးဝယ်၊ တန်ခူးရေကုန်
ကဆုန်ရေခန်း၊ ဆိုစတမ်းသို့
ပင်ပန်းနွမ်းလျ၊ ပူပြင်းလှ၏။

* ရော်ရွက်ဝါလည်း၊
ပင်မှာမနေ၊ ဖြုတ်ဖြုတ်ကြွေ၍
လေရူးမွှေနှောက်၊ ဟိုသည်ရောက်၏။

* ဖက်ဆွတ်ရေတိုး၊ သင်္ကြန်မိုးကြောင့်
ရွာရိုးတောတွင်း၊ မြေနံ့သင်း၍
ရှုခင်းသစ်မြူး၊ ပုရစ်ဖူး၏။

* ရွှေပြည်ပေါ်ဝယ်၊
ကံ့ကော်ရနံ့၊ သင်းပျံ့ပျံ့နှင့်
မွှေးပျံ့သင်းကြည်၊ သရဖီနှင့်
တူညီဂုဏ်ဆင့်၊ ရင်ခတ်ပွင့်၏။

* ထူးတင့်ပိတောက်၊ ချိန်ခါရောက်၍
ထွန်းတောက်ဝါဝါ၊ ပင်လုံးဖြာသော်
ရွာလုံးကျွတ်မျှ၊ ပန်ဆင်ကြ၏။

* သည်ချိန်ခါတွင်၊
မြန်မာတို့နေ၊ အလှမြေဝယ်
စေတနာကောင်း၊ မေတ္တာလောင်း၍
ပေါင်းသဟာဆွေ၊ အေးမြစေဟု
ရေတွေပက်ကြ၊ သွန်းလောင်းကြ၏။

* ပူလှသည့်နေ၊ ခြောက်သွေ့နွေကို
အေးစေအောင်ပြု၊ မြန်မာမှုဖြင့်
ရတုသာမြဲ၊ သင်္ကြန်ပွဲကို
ဆင်နွှဲရွှင်ပျော်၊ တောင်းဆုမျှော်သည်
ပြည်တော်အေးစေ၊ ငြိမ်းချမ်းစေ။ ။

တက္ကသိုလ်ညိုညိုသန့်

ထို့နောက် ဇဟိုမဏ္ဍပ်မှ သင်္ကြန်မိုးသီချင်းကိုသီဆို၍ တက်ရောက်လာကြသော ယိမ်းအကအဖွဲ့များက ကပြဖျော်ဖြေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

စစ်ကိုင်းတိုင်း

အလားတူ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော ၁၃၇၁ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ရက်က စစ်ကိုင်းတိုင်း မုံရွာမြို့ မြို့တော်ခန်းမရှေ့ရှိ ဇဟိုမဏ္ဍပ်၌ ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး တက်ရောက်ခဲ့သည်။

ဖွင့်ပွဲအခမ်းအနားသို့ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်ဇနီးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများ၊ ယိမ်းအကအဖွဲ့များ၊အလှပြယာဉ်အဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ တိုင်းမှူးက စစ်ကိုင်းတိုင်း မုံရွာမြို့၁၃၇၁ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ကျင်းပရေး ဦးစီးကော်မတီ၏ နှစ်သစ်ကူးအကြို နှုတ်ခွန်းဆက်သဝဏ်လွှာကို ဖတ်ကြားပြီး မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဇဟိုရေကစားမဏ္ဍပ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ဇဟိုမဏ္ဍပ်မှ ယိမ်းအလှပျိုဖြူလေးများနှင့် ဖျော်ဖြေရေးမဏ္ဍပ်အသီးသီးမှ ယိမ်းအလှပျိုဖြူလေးများက 'မန်းတောင်ရိပ်ခို' သီချင်းဖြင့် ကပြဖျော်ဖြေကြပြီး တိုင်းမှူးနှင့် ဇနီးတို့ ဦးဆောင်၍ တိုင်းအဆင့် ဌာနဆိုင်ရာများနှင့် ဧည့်သည်တော်များက သပြေခက်တို့ဖြင့် အတာသင်္ကြန်ရေပက်ဖျန်းပေးကြသည်။ ဆက်လက်၍ အတာသင်္ကြန်အဆိုအကများဖြင့် အလှည့်ကျ သီဆိုကပြ ဖျော်ဖြေကြပြီး တိုင်းမှူးနှင့် ဇနီးတို့က ယိမ်းအဖွဲ့များနှင့် အနုပညာရှင်များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖျော်ဖြေ

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် အနောက်မြောက်တိုင်းစစ်ဌာနချုပ် မုံရွာတပ်နယ်မိသားစု မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ရေကစားမဏ္ဍပ်သို့ ရောက်ရှိကြရာ တပ်နယ်ယိမ်းအဖွဲ့များက 'မင်္ဂလာရှိသော သင်္ကြန်' သီချင်းဖြင့် သီဆိုကပြ ဖျော်ဖြေကြသည်။

ထို့နောက်တိုင်းမှူးနှင့်ဇနီးနှင့်ဧည့်သည်တော်များသည် သပြေခက်တို့ဖြင့် အတာသင်္ကြန်ရေပက်ဖျန်းပေးကြပြီး တပ်နယ်ယိမ်းအဖွဲ့များ၏ အလှည့်ကျသီဆိုကပြ ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။

မကွေးတိုင်း

ထို့အတူ ၁၃၇၁ခုနှစ် မကွေးတိုင်း မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ရက် ည၇နာရီက မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် ဇဟိုမဏ္ဍပ်၌ ကျင်းပရာ ရှေးဦးစွာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကာ မဟာသင်္ကြန် ဇဟိုယိမ်းအဖွဲ့နှင့်အတူ တက်ရောက်လာကြသော ယိမ်းအကအဖွဲ့များက မန်းတောင်ရိပ်ခို၊ ညိုမြနှင့် ရွှေမန်းမာလာသီချင်းတို့ဖြင့် ကပြဖျော်ဖြေကြ၍ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး ယိမ်းအဖွဲ့၊ တပင်တိုင်အကနှင့် အလှပြယာဉ် ပြိုင်ပွဲများကို ဆက်လက်ကျင်းပကြောင်း သတင်းရရှိသည်။

၁၃၇၁ခုနှစ် မဟာသင်္ကြန်ပွဲတော် ရေကစားမဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကို စစ်တွေမြို့၌ ကျင်းပစဉ်။ (သတင်းစဉ်)

ပုသိမ်မြို့

အလားတူ ၁၃၇၁ခုနှစ် အနောက်တောင်တိုင်းစစ်ဌာနချုပ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ရက် နံနက်ပိုင်းက ပုသိမ်မြို့ တိုင်းစစ်ဌာနချုပ် တပ်နယ် တပ်ရင်း/တပ်ဖွဲ့မှူးများ၊ တပ်နယ်မှအရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များ၊ ပြိုင်ပွဲဝင် ယိမ်းအဖွဲ့များ၊ ဖျော်ဖြေရေးနှင့် ဌာနဆိုင်ရာ ယိမ်းအဖွဲ့များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အနောက်တောင်တိုင်းစစ်ဌာနချုပ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

၁၃၇၁ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတွင် တောင်ကြီးမြို့ ဇဟိုမဏ္ဍပ်၌ ယိမ်းအဖွဲ့များ ကပြဖျော်ဖြေကြစဉ်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

ယင်းနောက် ယိမ်းအဖွဲ့များက 'မြစ်ဝကျွန်းပေါ် ဧရာဝတီ' သီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြပြီး တိုင်းမှူးသည် တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့် ယိမ်းအဖွဲ့များအား အတာသင်္ကြန်ရေများ ပက်ဖျန်းပေး၍ တပ်နယ်ယိမ်းအဖွဲ့များနှင့် ဌာနဆိုင်ရာ ယိမ်းအဖွဲ့များ၏ ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဧရာဝတီတိုင်း မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ညနေပိုင်းတွင် ပုသိမ်မြို့ ကမ်းနားလမ်းရှိ ဇဟိုမဏ္ဍပ်၌ကျင်းပရာ တိုင်းမှူးတက်ရောက်၍ ဖွင့်လှစ်ပေးသည်။

အစီအစဉ်အရ တိုင်းမှူးက ဧရာဝတီတိုင်း မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်အား ဖွင့်လှစ်ကြောင်း ကြေညာပြီး ယိမ်းအဖွဲ့များက 'မန်းတောင်ရိပ်ခို' သီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြကာ တိုင်းမှူးနှင့်တာဝန်ရှိသူများက ယိမ်းအဖွဲ့များအား အတာသင်္ကြန်ရေများ ပက်ဖျန်းပေးကြသည်။

ထို့နောက် တိုင်းမှူးသည် ယိမ်းအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

ရခိုင်ပြည်နယ်

ထို့အတူ ၁၃၇၁ခုနှစ် ရခိုင်ပြည်နယ် စစ်တွေမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ရက် **(သင်္ကြန်အကြိုနေ့)** နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် စစ်တွေမြို့ ဦးဥတ္တမ ပန်းခြံခန်းမနှင့် ဝေသာလီအားကစားကွင်းရှေ့ရှိ ဇဟိုမဏ္ဍပ်တို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ယင်းသို့ကျင်းပရာ၌ ရခိုင်ရိုးရာ နံ့သာသွေးပြိုင်ပွဲကို နံနက် ၈နာရီတွင် ဦးဥတ္တမ ပန်းခြံခန်းမ၌ကျင်းပရာ နံ့သာသွေးပြိုင်ပွဲဝင်အဖွဲ့ ၅၄ဖွဲ့တို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

၁၃၇၁ခုနှစ် မြဝတီခရိုင် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ရေသဘင်ပွဲတော် ဖွင့်ပွဲကို မြဝတီခရိုင် မြဝတီမြို့နယ် ဘုရင့်နောင်လမ်း ဇဟိုမဏ္ဍပ်၌ ကျင်းပစဉ်။ (သတင်းစဉ်)

တက်ရောက်

အလားတူ စစ်တွေမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန် ဇဟိုမဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကို ညနေပိုင်းတွင် ဝေသာလီအားကစားကွင်းရှေ့ရှိ အဆိုပါ ဇဟိုမဏ္ဍပ်၌ ကျင်းပရာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး တက်ရောက်၍ ဇဟိုမဏ္ဍပ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင်ယိမ်းအကအဖွဲ့များက သင်္ကြန်တေးသီချင်းများဖြင့် သီဆိုကပြ ဖျော်ဖြေတင်ဆက်ကြသည်။ ယိမ်းအကအဖွဲ့ ၂၁ဖွဲ့ ပါဝင်ယှဉ်ပြိုင်ကြသည့် ယိမ်းအကပြိုင်ပွဲကို ဧပြီ ၁၃ရက်မှ ၁၆ရက် **(သင်္ကြန်အတက်နေ့)**အထိ ညစဉ် ည ၇နာရီမှ ၁၀နာရီအတွင်း ကျင်းပသွားမည်ဖြစ်ပြီး နေ့ပိုင်းတွင် အဆို၊ အက ဖျော်ဖြေရေးအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

15-4 (11).pmd 1 4/15/2010, 2:14 AM

မျှော်လေမဆုံး ရွှေရည်ဖုံးသည့် သနပ်ပင်မြို့နယ်မှ နွေစပါးမြင်ကွင်းအလှ

➤ သတင်းဆောင်းပါး - မိုးမြင့်လွင် ➤ ဓာတ်ပုံ - သတင်းထောက်-ထွန်းလွင် ➤ စာမျက်နှာဖွဲ့စည်းမှု - မာမာစိုး(မြန်မာ့အလင်း)

နေပြည်တော် ဧပြီ ၁၄

လေအသွဲ့တွင် ယိမ်းနွဲ့နေသော နွေစပါးစိုက်ခင်းများက တစ်မျှော်တစ်ခေါ် ရှုမျှော်မဆုံးသည့် ရွှေဝါရောင် ကမ္ဗလာခင်းထားသည့်နှယ်....။

ပဲခူးတိုင်း သနပ်ပင်မြို့နယ် အထူးအထွက်တိုး နွေစပါးစိုက်ခင်းကြီးသို့ ရောက်ရှိစဉ် ရွှေရောင်လွှမ်းနေသည့် မြင်ကွင်းအသစ်နှင့်အလှကို မြင်ရသဖြင့် ရင်ထဲမှာ ကြည်ကြည်နူးနူးဖြစ်မိသည်မှာ အမှန်ပင်....။

စိုက်ပျိုးရေးဌာန၊ မြေစာရင်းဦးစီးဌာနနှင့် အခြားသော သက်ဆိုင်ရာ အဖွဲ့အစည်း အဆင့်ဆင့်တို့မှလည်း ပါဝင်ပူးပေါင်း ဆောင်ရွက်ခဲ့ကြကြောင်း၊ နွေစပါးစိုက်ပျိုးကြသည့် တောင်သူဦးကြီးများ အစစအရာရာ အားလုံးအဆင်ပြေချောမွေ့စွာ ဆည်မှ ရေကို စစ်တောင်းတူးမြောင်း (သနပ်ပင်)မှတစ်ဆင့် လယ်ယာမြေများ အရောက် ရေသွင်းယူခဲ့ကြ၍ ရေအတွက်လည်း အခက်အခဲမရှိခဲ့ချေ။ ယခုအခါ နွေစပါးများ အောင်အောင်မြင်မြင် ဖြစ်ထွန်းနေသည်ကို တွေ့ရသလို တချို့လယ်ကွက်များလည်း ရိတ်သိမ်းနေကြသည်ကို တွေ့မြင်ခဲ့ရသည်။

စိုက်ဧက

အထွက်နှုန်းမှာ တစ်ဧကလျှင် ၇၉ တင်းနှုန်း ထွက်ရှိသဖြင့် စိုက်ပျိုးတိုးချဲ့ ဧကနှင့်ဆိုလျှင် စပါးတင်းပေါင်း ၂၃၁၅၃၅၈ တင်း ထွက်ရှိမှာဖြစ်ကြောင်း မြို့နယ်ဥက္ကဋ္ဌ ဦးစိုးမြင့်ဝင်းက စိတ်ရှည်စွာ ရှင်းပြသည်။

ထို့နောက် ရွှေရောင်အဆင်း ဝါဝင်းနေသည့် စပါးများကို ရိတ်သိမ်းနေကြသည့် တောင်သူများနှင့် တွေ့ဆုံမေးမြန်းရန် လယ်ကွင်းများဘက်သို့ ထွက်ခဲ့သည်။

"မိုးစပါးအပြင် နွေစပါးကိုလည်း တိုးချဲ့စိုက်ပျိုးလျက်ရှိပါတယ်"

ဦးစိုးမြင့်ဝင်း၊ ဥက္ကဋ္ဌ
မြို့နယ်အေးချမ်းသာယာရေးနှင့်
ဖွံ့ဖြိုးရေးကောင်စီ၊သနပ်ပင်မြို့နယ်။

ပဲခူးတိုင်း သနပ်ပင်မြို့ အဝင်ဆိုင်းဘုတ်ကို ဤသို့ စိုက်ထူထားသည်။

သနပ်ပင်မြို့သည် ပဲခူးမြို့နှင့် ခုနစ်မိုင်ခန့်သာဝေးသည့် ပဲခူး-သန်လျင် ကားလမ်းမကြီးပေါ်တွင် တည်ရှိသည်။ သနပ်ပင်-ပဲခူး အိမ်ဦးနှင့်ကြမ်းပြင်နှယ် သွားလာလှုပ်ရှားနေသည့် စက်ဘီး၊ ဆိုင်ကယ်နှင့် ကားများ အချိန်အခါမရွေးရှိသည်။

သနပ်ပင်မြို့နယ်၏ နွေစပါးဖြစ်ထွန်းအောင်မြင်နေမှုနှင့်ပတ်သက်ပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ သွားရောက်ကာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးမြင့်ဝင်းနှင့် သွားရောက်တွေ့ဆုံ၍ သိလိုသောအချက်များကို တွေ့ဆုံမေးမြန်းခဲ့သည်။

တိုးချဲ့စိုက်ပျိုး

နိုင်ငံတော်မှ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးဟူသည့် စီးပွားရေးဦးတည်ချက်များနှင့်အညီ သနပ်ပင်မြို့နယ်သည်လည်း မိုးစပါးသာမက နွေစပါးများကိုလည်း တစ်နှစ်ထက်တစ်နှစ် လယ်မြေဧက တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်းနှင့် နွေစပါးစိုက်ပျိုးထုတ်လုပ်မှုသည် ပဲခူးတိုင်းအတွင်းမှာ သနပ်ပင်မြို့နယ်သည် အကောင်းဆုံးမြို့နယ်တစ်ခုလည်း ဖြစ်ကြောင်းဟု ရှင်းပြသည်။ သနပ်ပင်မြို့နယ်၏ စွမ်းဆောင်မှုကို အသိအမှတ်ပြုရသည့် ရွှေဝါရောင်စပါးခင်းများက သနပ်ပင်မြို့နယ်၏ လုပ်အားအလှကို လှစ်ဟပြသနေသည်။

တစ်ဖန် ယခုလို နွေစပါးဖြစ်ထွန်းအောင်မြင်နိုင်ရေးအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဦးစီးဌာန မြန်မာ့လယ်ယာထွန်ယက် စိုက်ပျိုးနိုင်ရန်အတွက်လည်း ဓာတ်မြေဩဇာနှင့် အခြားသော လိုအပ်သမျှကိုလည်း မိမိတို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းအဆင့်ဆင့်မှ ကူညီပံ့ပိုးပေးသည့်အပြင် လယ်မြေသို့ တူးမြောင်းအတွင်းမှ ရေသွင်းနိုင်ရန် ရေစုပ်စက်များ၊ လယ်ထွန်စက်များလည်း ဖြည့်ဆည်း ပေးခဲ့ကြောင်းလည်း ၄င်းက ဆက်လက်ရှင်းပြသည်။

သနပ်ပင်မြို့နယ်သည် ၂၀၀၈-၂၀၀၉ ခုနှစ်က နွေစပါးစိုက်ပျိုးဧကမှာ ၂၈၇၅၄ ဧကဖြစ်ပြီး ယခုနှစ် ၂၀၀၉-၂၀၁၀မှာ ၄၈ ဧက တိုးချဲ့စိုက်ပျိုးနိုင်ခဲ့သည်။

ရေရရှိရေး

ရေရရှိရေးအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် လယ်ယာနှင့်ဆည်မြောင်းဦးစီးဌာနတို့မှ မိုးယွင်းကြီး

သနပ်ပင်မြို့အတွင်းမှ စစ်တောင်းတူးမြောင်းနှင့် ပဲ့ထောင်စက်လှေများကို ဤသို့ တွေ့ရသည်။

လယ်ကွက်တစ်ခုအတွင်း စပါးရိတ်နေကြသည့် တောင်သူများကိုမေးမြန်းရာ "ကျွန်တော်တို့ အလွန်ဝမ်းသာတယ်။ စိုက်ပျိုးရေလည်းဖူလုံလို့ စပါးစိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းပြီး စပါးတွေ အခုလို ပေါလာတော့ ဆန်ဈေးလည်း မကြီးတော့ဘူးပေါ့။ စားရေးအတွက် စိတ်အေးရတာပေါ့"ဟု ပြောပြသည်။

ထို့နောက် စပါးခင်းများကို လိုက်လံလေ့လာပြီးနောက် ပြန်လည်ထွက်ခွာခဲ့သည်။ အပြန်လမ်းတွင် လယ်ယာမြေ ရွှေဝါဆင်း×××× ဝင်းမှည့်ကာနေ×× ရှုမျှော်လို့ မဆုံး×××× တို့တိုင်းပြည်လုံး စားသုံးမကုန်နိုင်ပေ×× ရိတ်ကြပေ့××× ရိတ်ကြပေ့××× သိမ်းကြပေ့××× သိမ်းကြပေ့....ဆိုသည့် လယ်ယာမြေ တေးသံသာများကို သီဆိုဟစ်ကြွေးနေကြသည်ကို နားဆင်ရင်း လယ်ယာမြေအလှကို ပိုမိုပြီး လှပအောင် တန်ဆာဆင်နေကြသူများဟု ခံစားနေမိသည်။

သနပ်ပင်မြို့နယ်သည် ကားလမ်း၊ ရေလမ်းများဖြင့် နွေ၊ မိုး၊ ဆောင်း သွားလာမှုလွယ်ကူချောမွေ့သဖြင့် မြို့နယ်အတွင်း ကျေးလက်တောရွာများကပါ ကြက်၊ ဘဲ၊ ဝက်၊ သားငါး၊ ဆန်စပါးနှင့် ပဲမျိုးစုံများ ရာသီထွက်ကုန်များနှင့် အရောင်းအဝယ်ဖြစ်ပြီး စည်ကားသော မြို့တစ်မြို့လည်း ဖြစ်သည်။ စစ်တောင်းတူးမြောင်း သည် မြို့တွင်းမှ ဖြတ်သန်းဖောက်လုပ်ထားသဖြင့် လှေသမ္ဗန်များနှင့် စက်တပ်ရေယာဉ်များလည်း အချိန်အခါနှင့် ရာသီမရွေး ပြေးဆွဲနေသည်ကို တွေ့မြင်နေရသည်။

သနပ်ပင်မြို့နယ် ဒေသထွက်ကုန်ဆန်စပါးသည် မြို့နယ်အတွင်း ဖူလုံသည်သာမက ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရန် နိုင်ငံတော်အကျိုးစီးပွားအတွက် အားဖြည့်ပေးနေသည့် စပါးကျီတစ်ခုအဖြစ် အားထားရသော မြို့နယ်တစ်ခု ဖြစ်သည်။ ယခုအခါ နွေစပါးများလည်း ကွင်းလုံးပြည့် အောင်မြင်ဖြစ်ထွန်းနေပြီဖြစ်ရာ သနပ်ပင်မြို့နယ်၏ အလှကို အသွင်တစ်မျိုးဖြင့် အလှတိုးစေခဲ့ပြီဟု ကြည်နူးပီတိဖြစ်နေမိပါသည်။ ။

(မြန်မာ့အလင်း)

နွေစပါးအထူးအထွက်တိုး စပါးခင်းကြီးကိုလည်း ရွှေရောင်အဆင်းဖြင့် ဤသို့ တွေ့ခဲ့ရသည်။

မြန်မာ့အလင်း သတင်းပဒေသာအတိုအထွာ

ရန်ကုန် ဧပြီ ၁၄

အမက(၂၄) ပုသိမ် ပြုပြင်တည်ဆောက်မှုလှူဒါန်းနိုင်

ပုသိမ်ခရိုင် ပုသိမ်မြို့ ကုန်သည်လမ်း အမက(၂၄) ပြုပြင်တည်ဆောက်မှု ဆောင်ရွက်လျက်ရှိရာ ဖုန်း-၀၄၂-၂၂၁၆၂နှင့် ၀၉-၅၁-၆၉၃၁၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

အေးချမ်းသာယာပြည်မြန်မာ ဓာတ်ပုံပြိုင်ပွဲဝင်ရန်ဖိတ်ခေါ်

၂၀၁၁ခုနှစ် ဇန်နဝါရီ ၄ရက်တွင်ကျရောက်မည့် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို အေးချမ်းသာယာပြည်မြန်မာခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ပြီး နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးသာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှု၊ တိုင်းရင်းသားရိုးရာအလှအပနှင့် ပွဲတော်များကို ဖော်ညွှန်းရိုက်ကူးပြီး စက်တင်ဘာ ၃၀ရက် နောက်ဆုံးထား၍ အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်ပေးပို့နိုင်သည်။

ရန်ကင်းပညာရေးကောလိပ် မြတ်ဆရာပူဇော်ပွဲ

ရန်ကုန်ဆရာအတတ်သင်သိပ္ပံ(ကံဘဲ့) ရန်ကင်းပညာရေးကောလိပ်ကျောင်းသားကျောင်းသူဟောင်းများ၏ နဝမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို မေ ၁ရက် (စနေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ပြီး ဖုန်း-၆၃၈၃၅၅၊ ၃၉၆၃၁၂နှင့် ၅၆၆၆၁၅တို့သို့ ဆက်သွယ်နိုင်သည်။

ကန့်ဘလူအထက မြတ်ဆရာ ပူဇော်မည်

စစ်ကိုင်းတိုင်း ကန့်ဘလူမြို့ အထက ကျောင်းသား ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို ဧပြီ ၂၄ရက်(စနေနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ပြီး ဖုန်း-၀၉-၂၀၄၄၂၆၃နှင့် ၀၉-၆၄၆၆၁၀၆တို့သို့ ဆက်သွယ်နိုင်သည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဟောပြောပွဲ တက်ရောက်နိုင်

သတ္တုတွင်းတစ်ခုအောင်မြင်စွာ တူးဖော်ခြင်းအကြောင်း နည်းပညာဆိုင်ရာ ဟောပြောပွဲကို ဧပြီ ၂၄ရက် (စနေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ တက္ကသိုလ်များလှိုင်နယ်မြေရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ၌ ကျင်းပမည်ဖြစ်ရာ တက်ရောက်လိုသူများ ဖုန်း-၅၁၉၆၇၆သို့ ဆက်သွယ်နိုင်သည်။

ကျောက်ကြီး အထက မြတ်ဆရာပူဇော်မည်

ပဲခူးတိုင်း ကျောက်ကြီးမြို့ အခြေခံပညာအလယ်တန်းကျောင်းဟောင်းနှင့် အထက်တန်းကျောင်းတို့၌ ပညာသင်ကြားပို့ချပေးခဲ့သည့် အငြိမ်းစား ဆရာ ဆရာမကြီးများအား မြတ်ဆရာပူဇော်ပွဲကို ဧပြီ ၂၄ရက် (စနေနေ့) နံနက် ၉နာရီတွင် ကျောက်ကြီးမြို့ ပဲခူးရပ် မူလတန်းလွန်ကျောင်း၌ ကျင်းပမည်ဖြစ်ရာ ဖုန်း-၀၁-၅၈၁၀၂၀နှင့် ၀၉-၆၃၁၀၃၇၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ဧပြီလထုတ် သုတပဒေသာစာစောင် ဖြန့်ချိထား

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်ကထုတ်ဝေသော ဧပြီလထုတ် သုတပဒေသာစာစောင် အတွဲ (၃၇)၊ အမှတ် (၄)ကို ဘာသာပြန် စိတ်ဝင်စားသော စာဖတ်ပရိသတ်များအတွက် ဖြန့်ချိထားပြီး ရန်ကုန်မြို့ ကုန်သည်လမ်း အမှတ်-၅၂၉/၅၃၁ ဖုန်း-၀၁-၂၄၉၀၃၀သို့ ဆက်သွယ်ဝယ်ယူနိုင်သည်။

အင်းစိန်တိရစ္ဆာန်ဆေးကုသိပ္ပံ မဂ္ဂဇင်းထုတ်ဝေမည်

အင်းစိန်မြို့ တိရစ္ဆာန်ဆေးကုသိပ္ပံ၏ နှစ်(၁၂၀)ပြည့် အထိမ်းအမှတ်မဂ္ဂဇင်းကို နိုဝင်ဘာလတွင် ထုတ်ဝေမည်ဖြစ်ပြီး ဝတ္ထု၊ ကဗျာ၊ ဆောင်းပါးစာမူများ၊ မှတ်တမ်းဝင်ဓာတ်ပုံများကို ဇွန်လနောက်ဆုံးထားပြီး ဖုန်း-၀၉-၇၃၀၁၄၃၁၈၊ ၆၄၀၇၆၆ နှင့် ၀၉-၅၀-၆၄၀၂၉ တို့သို့ ဆက်သွယ်ပေးပို့နိုင်သည်။

ပန်းတောင်းအသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဧပြီ ၂၅ရက် (တနင်္ဂနွေနေ့) နံနက်၈နာရီတွင် ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်လမ်းရှိ အမ္ဗာရာမကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

စုစည်းရေးသားသူ-ဝင်းကျော်

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်းလုံးဝမပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက် ကောင်းမွန်စေရေး စီမံထားရှိရန်။

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ရာသီဖလားများ ဆွတ်ခူးရေးနှင့် ဂွါဒီယိုလာ

ရေးသူ-မောင်မောင်မြင့်ဆွေ၊ စာမျက်နှာဖွဲ့စည်းမှု-ဇင်မင်းသန့် (မြန်မာ့အလင်း)

ဘာစီလိုနာ ဧပြီ ၁၄

ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲစဉ်တွင် လက်ရှိချန်ပီယံ ဘာစီလိုနာနှင့် အင်တာမီလန်တို့ပွဲကား ပွဲကြီးပွဲကောင်းဖြစ်သည်။ လက်ရှိချန်ပီယံ ဘာစီလိုနာသည် ပြည်တွင်း လာလီဂါ၌ တန်းစီဇယားထိပ်ဆုံးနေရာ၌ ရပ်တည်နေသည်။ ထို့အတူ ချန်ပီယံလိဂ်၌ အကြိုဗိုလ်လုပွဲသို့လည်း တက်ရောက်လာခဲ့သည်။

အောင်မြင်မှုများ ဆက်တိုက် ရယူရေး ပြင်ဆင် ကြိုးစားနေသည့် ဘာစီလိုနာ အသင်းနည်းပြ ဂွါဒီယိုလာနှင့် သတင်းထောက်များ တွေ့ဆုံမေးမြန်းမှုကို ဖော်ပြရပါလျှင် -

မေး။ ။ဒီနှစ် ဘောလုံး ရာသီမှာ ဘယ်လောက် အထိ မျှော်မှန်းထားပါသလဲ။

ဖြေ။ ။လိုချင်တာကတော့ ဖလားအားလုံးပါပဲ။ ဒါပေမယ့် လာလီဂါဖလားနဲ့ ချန်ပီယံလိဂ်ဖလားကိုတော့ ကာကွယ်နိုင်အောင် ကြိုးစားနေပါတယ်။

မေး။ ။ပြိုင်ဘက်က အင်တာမီလန်ဆိုတော့ ပြင်ဆင်မှုတွေ ပြုလုပ်နေပြီလား။

ဖြေ။ ။ဘာစီလိုနာအသင်းကို အကောင်းဆုံး ခြေစွမ်းရအောင် အမြဲကြိုးစားပေးနေတာပါ။ ဘောလုံးသမား တစ်ဦးချင်းရဲ့ ကြိုးစားအားထုတ်မှုကလည်း အားရစရာ အနေအထား ရောက်ရှိနေပါတယ်။

မေး။ ။ချန်ပီယံလိဂ်နဲ့ လာလီဂါ ဖလားတွေကို ဆက်လက် ကာကွယ်သွားနိုင်မယ်လို့ ယုံကြည်ထားပါသလား။

ဖြေ။ ။ယုံကြည် နေတာပေါ့။ ဘောလုံးသမားတွေ ဒီလိုယုံကြည်မှုရှိအောင်လည်း စွမ်းဆောင်ပေးထားပါတယ်။ ယုံကြည်မှုရှိပြီးကြိုးစားနေတဲ့အတွက် မျှော်မှန်းချက် ပြည့်ဝမယ်လို့ ယုံကြည်ထားပါတယ်။

မေး။ ။ဘာစီလိုနာရဲ့ အားကိုးရတဲ့ ကစားသမားတွေက ဘယ်သူဖြစ်မလဲ။

ဖြေ။ ။ဘာစီလိုနာမှာ အားကစားသမားတိုင်း သူ့နေရာနဲ့သူ ခြေစွမ်းပြတဲ့ သူတွေချည်းပါပဲ။ အားလုံး အားထားရတဲ့ဘောလုံးသမားတွေ ဖြစ်ပါတယ်။

မေး။ ။မက်ဆီမပါတဲ့ဘာစီလိုနာရဲ့ အနေအထားဆိုရင် ဘယ်လိုဖြစ်မယ်လို့ ယူဆပါသလဲ။

ဖြေ။ ။ဘာစီလိုနာဟာ တစ်ဦးကောင်းနဲ့ ဖွဲ့စည်းထားတဲ့အသင်း မဟုတ်ပါဘူး၊ မက်ဆီဟာ ထူးချွန်တဲ့ဘောလုံးသမားပါ၊ ဒါပေမယ့်သူမပါတဲ့ ဘာစီလိုနာဟာ ခြေစွမ်းပြောင်းလဲမှု မရှိနိုင်ပါဘူး။ အဲဒီလိုပြောင်းလဲမှုမရှိအောင်လည်း ကြိုတင်ပြင်ဆင်ပြီးသား ဖြစ်ပါတယ်။

မေး။ ။လာလီဂါ ဖလားအတွက် ခက်ခက်ခဲခဲ ကစားရမယ့် ပွဲစဉ်ရှိနေလား။

ဖြေ။ ။လက်ကျန်ပွဲ အားလုံးဟာ အခက်ခဲဆုံးပွဲတွေပါပဲ၊ ပွဲတိုင်းအနိုင်ရအောင် ကစားရမှာပါ။ နောက်ဆုံးပွဲအထိ ကြိုးစားအားထုတ်မှု လျှော့မှာမဟုတ်ပါဘူး။

မေး။ ။ဘာစီလိုနာက ပြောင်းရွှေ့ဖို့ အစီအစဉ်ရှိပါသလား။

ဖြေ။ ။လောလောဆယ်မှာတော့ စိတ်ကူးမရှိသေးပါဘူး။ ဘာစီလိုနာမှာ ပျော်ပါတယ်ဟု ဘာစီလိုနာနည်းပြ ဂွါဒီယိုလာက ပြောကြားသွားပါကြောင်း။ ။

အင်တာနက်

တိုက်စစ်မှူး အဒီဘာယော တိုဂိုလက်ရွေးစင်အဖြစ်မှ အနားယူပြီ

လန်ဒန် ဧပြီ ၁၄

မန်စီးတီးနှင့် တိုဂိုတိုက်စစ်မှူး အဒီဘာယောက ၎င်းအနေဖြင့် တိုဂိုဘောလုံးအသင်း လက်ရွေးစင်အဖြစ်မှ အနားယူလိုက်ပြီဖြစ်ကြောင်း ဧပြီ၁၃ရက်၌ ထုတ်ဖော်ကြေညာသည်။

ကြေညာ

ယင်းကြေညာချက်သည် တိုဂိုဘောလုံးအသင်း အာဖရိကနိုင်ငံများ ဖလား ဘောလုံးပြိုင်ပွဲ ကျင်းပရာ အင်ဂိုလာသို့ အသွားတိုက်ခိုက်ခံရပြီး သုံးလအကြာတွင် ကြေညာခဲ့ခြင်းဖြစ်သည်။

နိုင်ငံ့လက်ရွေးစင်

မိမိအနေဖြင့် နိုင်ငံ့လက်ရွေးစင်အဖြစ်မှ အနားယူရန် ဆုံးဖြတ်ချက်ချရသည်မှာ အလွန်ပင်ခက်ခဲကြောင်း၊ သို့သော်လည်း မဖြစ်မနေ နိုင်ငံ့လက်ရွေးစင်အဖြစ်မှ နားလိုက်ပြီဖြစ်ကြောင်း တိုက်စစ်မှူး အဒီဘာယောက ဆက်လက် ပြောကြားသည်။

(အင်တာနက်)

ကမ္ဘာ့အမြန်ဆုံး အပြေးသမား အူစိန်ဘော့ ဒိုင်းမွန်းလိဂ်ပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်မည်

ရှန်ဟိုင်း ဧပြီ ၁၄

ကမ္ဘာ့တာတို အမြန်ဆုံး အပြေးချန်ပီယံအူစိန်ဘော့သည် လာမည့်လ ရှန်ဟိုင်း၌ ကျင်းပမည့် အိုင်အေ



အေအက်ဖ် ဒိုင်းမွန်းလိဂ် ပြေးခုန်ပစ် အားကစားပြိုင်ပွဲတွင် တရုတ်ထိပ်တန်း အပြေးချန်ပီယံ လူကျန်းနှင့်အတူ ယှဉ်ပြိုင်မည်ဖြစ်သည်။

ကမ္ဘာ့ချန်ပီယံ

အူစိန်ဘော့သည် ၂၀၀၈ခုနှစ် ပေကျင်းအိုလံပစ်ပြိုင်ပွဲတွင် မီတာ ၁၀၀၊ မီတာ ၂၀၀ နှင့် မီတာ ၁၀၀ လက်ဆင့်ကမ်းပြိုင်ပွဲများ၌ ရွှေတံဆိပ် ဆွတ်ခူးထားသူ ဖြစ်သည်။ ၎င်းသည် လက်ရှိ မီတာ ၁၀၀ နှင့် မီတာ ၂၀၀ ကမ္ဘာ့ချန်ပီယံလည်း ဖြစ်သည်။

ကျင်းပမည်

အဆိုပါ ၂၀၁၀အိုင်အေအေအက်ဖ် ဒိုင်းမွန်းလိဂ် ပြေးခုန်ပစ်ပြိုင်ပွဲကို ကာတာနိုင်ငံ ဒိုဟာမြို့၌ မေ ၁၄ရက်တွင် ဖွင့်ပွဲ ကျင်းပမည်ဖြစ်သည်။ ကမ္ဘာ့မြို့ကြီး ၁၄မြို့၌ အဆိုပါ ပြေးခုန်ပစ်ပြိုင်ပွဲများ ကျင်းပမည်ဖြစ်ပြီး ရှန်ဟိုင်းတွင် လာမည် မေ ၂၃ရက်၌ ကျင်းပ မည်ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

တိုက်ဂါးဝုဒ် ထပ်မံနားဦးမည်

ကယ်လီဖိုးနီးယား ဧပြီ ၁၄

ကမ္ဘာ့နံပါတ်တစ် ဂေါက်သီးကစားသမား တိုက်ဂါးဝုဒ်သည် ဂေါက်သီးနောက်ထပ်ကစားခြင်းမှ အနားယူရန် စီစဉ်နေကြောင်း အော်ဂတ်စတာ၌ ကျင်းပသော မာစတာဖလားဂေါက်သီးပြိုင်ပွဲအပြီးတွင် ထုတ်ဖော်ပြောကြားလိုက်သည်။ တိုက်ဂါးဝုဒ်သည် အဆိုပါ ပြိုင်ပွဲတွင် စတုတ္ထနေရာဖြင့်သာ ကျေနပ်ခဲ့ရသည်။ ၎င်းသည် ဂေါက်သီး ကစားခြင်းမှ ငါးလကြာ အနားယူခဲ့ပြီးနောက် အဆိုပါ မာစတာဖလား ပြိုင်ပွဲတွင် ပထမဆုံး ပါဝင်ယှဉ်ပြိုင် ကစားခဲ့ခြင်းဖြစ်သည်။

ဝင်ရောက်ဖွယ်ရှိ

အသက် ၃၄နှစ်ရှိ တိုက်ဂါးဝုဒ်သည် ဂေါက်သီးကစားခြင်းမှ ထပ်မံ၍ အနားယူမည်ဖြစ်သော်လည်း မည်သည့်အချိန်တွင် အနားယူမည်ဖြစ်ကြောင်း ထုတ်ဖော် ကြေညာခြင်း မပြုချေ။ တိုက်ဂါးဝုဒ် နောက်ထပ် ပြိုင်ပွဲ ဝင်ရောက်ဖွယ်ရှိသည့် ပြိုင်ပွဲမှာ ယူအက်စ်အိုးပင်းပြိုင်ပွဲဖြစ်သည်။

(အင်တာနက်)

ဝါဒီမီယာကလစ္စကို ဒေးဗစ်ဟေးအား စိန်ခေါ်

ကီယက်ဗ် ဧပြီ ၁၄

ဗြိတိသျှ ဒဗလျူဘီအေဟဲဗီးဝိတ် ချန်ပီယံ ဒေးဗစ်ဟေးသည် မိမိအားကြောက်၍ ရှောင်ပြေးနေကြောင်း ယူကရိန်း လက်ဝှေ့သမား ဝါဒီမီယာကလစ္စကိုက စွပ်စွဲပြောကြားလိုက်သည်။

ကြွေးကြော်

ဒေးဗစ်ဟေးသည် ပြီးခဲ့သည့် ဇွန်လက အိုင်ဘီအက်ဖ်နှင့် ဒဗလျူဘီအို ဟဲဗီးဝိတ်ချန်ပီယံ ဝါဒီမီယာကလစ္စကိုအား စိန်ခေါ် ထိုးသတ်ရန် စီစဉ်ထားပြီးမှ ဒဏ်ရာ ရရှိထား၍

ဆိုကာ ပြိုင်ပွဲကို ရုပ်သိမ်းခဲ့သည်။ သို့သော် ယခုအခါ ဒေးဗစ်ဟေး သည် ယူကရိန်းလက်ဝှေ့ ချန်ပီယံညီအစ်ကိုဖြစ်သည့် ဝါဒီမီယာကလစ္စကို သို့မဟုတ် ဗစ်တာလီကလစ္စကိုတို့အား ထိုးသတ်ရန် အသင့်ဖြစ်နေကြောင်း ကြွေးကြော်လျက်ရှိသည်။

စိန်ခေါ်

ယင်းအတွက်ကြောင့် ဝါဒီမီယာကလစ္စကိုက ဒေးဗစ်ဟေးထံ ဗီဒီယို တိပ်ခွေပေးပို့ပြီး မိမိနှင့်သာလျှင် ထိုးသတ်ရန် စိန်ခေါ်လိုက်သည်။

(အင်တာနက်)

မြင့်မောင်စိုး-စုစည်းသည်

အားကစားသတင်း အတိုအထွာ

အာကာကျော် - စုစည်းသည်

မော်ရင်ဟိုက ဂျူရတ်ကို ခေါ်ယူမည်

အင်တာမီလန်နည်းပြမော်ရင်ဟိုက လီဗာပူးကွင်းလယ်ကစားသမား ဂျူရတ်အား လာမည့်နွေရာသီ၌ ခေါ်ယူရန် ကြိုးစားသွားမည်ဖြစ်ကြောင်း တရားဝင် ထုတ်ဖော်ပြောကြားသည်။

ချယ်လ်ဆီး လေးမှတ်အသာဖြင့် ဦးဆောင်

ချယ်လ်ဆီးနှင့်ဘော်လ်တန်တို့ ဧပြီ ၁၃ရက်က ပရီမီယာလိဂ်ပွဲစဉ် (၃၄)အဖြစ် ယှဉ်ပြိုင်ကစားခဲ့ရာ တိုက်စစ်မှူး အနယ်လ်ကာ၏ တစ်လုံးတည်းသော အနိုင်ဂိုးဖြင့် ချယ်လ်ဆီးတို့ အမှတ်ပေးဇယားထိပ်၌ လေးမှတ် အသာရရှိကာ ဦးဆောင်လျက်ရှိသည်။

တောရက်စ် မကြာမီ ပြန်ကစားနိုင်မည်

လီဗာပူးတိုက်စစ်မှူး တောရက်စ်သည် ဖူလ်ဟမ်နှင့် ကစားခဲ့သောပွဲတွင် ဒူးခေါင်း ဒဏ်ရာရခဲ့ရာမှ ပြန်လည်ကောင်းမွန်လာပြီဖြစ်၍ လာမည့်သီတင်းပတ်၌ ကစားနိုင်လိမ့်မည်ဖြစ်ကြောင်း ၎င်းကလပ်က အတည်ပြုပြောကြားသည်။

အင်နီယေစတာ ရာသီကုန်အထိ နားရဖွယ်

ဘာကာကွင်းလယ်ကစားသမား အန်ဒရက်စ်အင်နီယေစတာသည် လေ့ကျင့်မှုပြုလုပ်စဉ် ဒဏ်ရာရရှိသွားသဖြင့် ရာသီကုန်အထိ ပြိုင်ပွဲများနှင့် လွဲချော်လိမ့်မည်ဖြစ်ကြောင်း ၎င်းကလပ်က ပြောကြားသည်။

အင်ဒီမာရေး ကိုစချာရီဘာနှင့် ယှဉ်ပြိုင်မည်

ဗြိတိသျှတင်းနစ်ကစားသမား အင်ဒီမာရေးသည် မွန်တီကာလိုမာစတာ တင်းနစ်ပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ် ဂျာမနီတင်းနစ်ကစားသမား ကိုစချာရီဘာနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

ဆီရီနာဝီလျံ အီတာလျံ အိုးပင်းကစားမည်

ကမ္ဘာ့နံပါတ်တစ် တင်းနစ်အားကစားမယ် အမေရိကန်နိုင်ငံသူ ဆီရီနာဝီလျံသည် ဒူးခေါင်းဒဏ်ရာရခဲ့ပြီး နားနေရာမှ လာမည့်လတွင် အီတာလျံအိုးပင်း တင်းနစ်ပြိုင်ပွဲ၌ ပထမဆုံး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ၎င်းကအတည်ပြု ပြောကြားသည်။ အီတာလျံအိုးပင်း တင်းနစ်ပြိုင်ပွဲကို မေ ၃ရက်၌ စတင်မည်ဖြစ်ကြောင်း သိရသည်။

ချယ်လ်ဆီး ဖလားနှစ်လုံးချိန်ရွယ်

ချယ်လ်ဆီး အသင်းခေါင်းဆောင် ဂျွန်တယ်ရီက ယခုနှစ် ဘောလုံးရာသီတွင် ချယ်လ်ဆီးအသင်းအနေဖြင့် ပရီမီယာလိဂ်ဖလားနှင့် အက်ဖ်အေဖလားဆွတ်ခူးပြီး ချယ်လ်ဆီးအသင်း၏ သမိုင်းမှတ်တိုင်သစ် စိုက်ထူသွားရန် ကစားဖော်များအား တိုက်တွန်းပြောကြားလိုက်သည်။

စပိန်အသင်း ချစ်ကြည်ရေးပွဲများ ကစားမည်

စပိန်ဘောလုံးအသင်းသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမတိုင်မီ မေ ၂၉ရက်တွင် ဆော်ဒီအာရေဗျအသင်းနှင့်လည်းကောင်း၊ ဇွန် ၃ရက်၌ တောင်ကိုရီးယားအသင်းနှင့်လည်းကောင်း ချစ်ကြည်ရေးပွဲများ ကစားမည်ဖြစ်သည်။

ဟာဘရီဂတ်စ်အား မက်ဆီမျှော်လင့်

အာဆင်နယ်ကစားသမား ဖာဘရီဂတ်စ်အား ဘာကာသို့ ပြောင်းရွှေ့ကစားရန် မျှော်လင့်ကြောင်း ဘာကာလူငယ်အသင်းတွင် အတူကစားခဲ့ဖူးသော တိုက်စစ်မှူး မက်ဆီက ပြောကြားသည်။

စတီဗင်အိုင်ယာလန်အား မန်ယူကမ်းလှမ်း

မန်ယူက ပြိုင်ဘက်မန်စီးတီးမှ ကွင်းလယ်ကစားသမား စတီဗင်အိုင်ယာလန်အား ပေါင် ၁၄သန်းဖြင့် ခေါ်ယူရန် ကမ်းလှမ်းထားကြောင်း သိရသည်။

အာဆင်နယ်မှ ဖာဘရီဂတ်စ် ထွက်ခွာမည်မဟုတ်

အာဆင်နယ် အသင်းခေါင်းဆောင် ဖာဘရီဂတ်စ်အနေဖြင့် စပိန်သို့ပြန်ရန် အများက ထင်ကြေးပေးနေသော်လည်း အာဆင်နယ်မှ ထွက်ခွာလိမ့်မည် မဟုတ်ကြောင်း နည်းပြ အာစင်ဝင်းဂါးက အခိုင်အမာ ပြောကြားသည်။

အိုဟားရားအား အပြိုင်ခေါ်ယူလိုကြ

ဝက်စ်ဟမ်းနှင့် ဝူလ်ဗာဟမ်တန်အသင်းတို့သည် ပို့စ်မောက်မှ အငှားခေါ်ယူထားသော စပါးကွင်းလယ်ကစားသမား အိုဟားရားအား ခေါ်ယူစာချုပ်ရန် အပြိုင်ကြိုးစားလျက်ရှိကြောင်း သိရသည်။ ။

(အင်တာနက်)

သမ္မတ	[illegible]	[illegible]
သွင်	[illegible]	[illegible]
မင်္ဂလာ	NINJA ASSASSIN	RAIN, BEN MILES RANDALL DUK KIM SUNG KANG
နေပြည်တော်	THE WOLFMAN	BENICIO DEL TORO CHRISTINA CONTES ANTHONY HOPKINS
ရွှေဂေါင်	MY NAME IS KHAN	SHUH RUKH KHAN KAJOL

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သမီးဖြစ်သူ လာလား(ခ)မဝေဝေလွင် ၁/မညန(နိုင်)၁၀၆၄၉၂ ကိုင်ဆောင်သူသည် ၁၁-၄-၂၀၁၀ ရက်တွင် မိဘမောင်နှမများ ခွင့်မလွှတ်နိုင်သည့် ကိစ္စများကို ပြုမူဆောင်ရွက်ပြီး မိမိသဘောအတိုင်း နေအိမ်မှ ဆင်းသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သမျှ ကိစ္စအဝဝကို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

မိခင်-ဒေါ်စန်းလွင် MTA/၀၄၄၇၇၁။



သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သားဖြစ်သူ မောင်အောင်မျိုးသူ(ခ)မျိုးစေ့ ၉/ရမသ(နိုင်)၀၈၅၉၄၅သည် မိခင်၏ဆိုဆုံးမမှုကိုမနာခံဘဲ ၎င်း၏ ဆန္ဒအရ ပြုမူဆောင်ရွက်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

မိခင်-ဒေါ်ခင်ဝင်း ၉/ရမသ(နိုင်)၀၁၀၉၁၂၊
မင်္ဂလာကျုံးလမ်း၊ ကြည်တော်ကုန်းရပ်၊ ရမည်းသင်းမြို့။

စာအုပ်
စာပေ
လူ့မိတ်ဆွေ

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရေဝတီတိုင်း၊ ကန့်ကြီးထောင့်မြို့နယ်၊ ဒါးကကျေးရွာ၊ ရှုတိုင်းယဉ်ရပ်ကွက်နေ အဖဦးကျော်စိန်၏သမီး မသန်းငွေ ၁၄/ပသရ(နိုင်)၀၀၆၉၇၆သည် မိသားစုအား စိတ်ဆင်းရဲအောင် ပြုလုပ်၍ နေအိမ်မှထွက်သွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

မိခင်-ဒေါ်တင် ၁၄/ပသရ(နိုင်)၀၀၆၉၇၂။

လူပျောက်

မောင်အောင်ကျော်မိုး အသက်(၁၈)နှစ် (စိတ်ဝေဒနာရှင်)သည် ၁၁-၄-၂၀၁၀ ရက်တွင်နေအိမ်မှ ထွက်သွားပါသဖြင့် တွေ့ရှိပါက အမြန်ဆက်သွယ် အကြောင်းကြားပေးနိုင်ပါရန် မေတ္တာရပ်ခံအပ်ပါသည်။
ဆက်သွယ်ရန်-ဖုန်း-၅၄၄၈၉၄၊၇၀၄၂၅၅။

အမည်ပြောင်း

အဖ ဦးနေလင်း၏သား မြို့မ အလက ကျောက်တော်မြို့မှ တတိယတန်းဖြေဆိုပြီးသူ မောင်နေမျိုးလင်းအား ယနေ့မှစ၍ မောင်သန့်ဇင်ဖြိုး ဟု ပြောင်းလဲခေါ်ပါရန်။

နွေရာသီ ကွန်ပျူတာ သင်တန်းဖွင့်

ဟုမ္မလင်း ဧပြီ ၁၄

ဟုမ္မလင်းမြို့နယ် ကက်သာကျေးရွာ လူငယ်စာကြည့်တိုက်ကော်မတီက ကျင်းပသော နွေရာသီ အခြေခံကွန်ပျူတာသင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ် ၃၀ရက် မွန်းလွဲ ၁နာရီက ကက်သာ အထက(ခွဲ)ကွန်ပျူတာခန်းမ၌ကျင်းပရာ မြို့နယ် ပြန်/ဆက်ဦးစီးဌာနဦးစီးမှူး ဦးမျိုးသန့် တက်ရောက် အမှာစကားပြောကြားပြီး သင်တန်းနည်းပြ ဦးချစ်ငွေက သင်တန်းနှင့် ပတ်သတ်သည့် အကြောင်းအရာများ၊ စာကြည့်တိုက်ကော်မတီ ဘဏ္ဍာရေးမှူး ဒေါ်ချိုမာဦးက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ဆွေးနွေးကြသည်။

(မြို့နယ် ပြန်/ဆက်)

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်(၁)

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်သည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများဆုံးရှုံးမှုများပြားသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီးကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိဖြစ်တတ်သည်။

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သောအကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀နာရီမှ ညနေ ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သောကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့အဝတ်အထည်များကိုဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင်ချည်အထည်များကိုဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူချိန်တက်ပါက ရေအေးဖတ်နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသောနေရာမျိုး၌နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကိုပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

မင်းတပ်၌ အွံ့-မကွီအိမ်နူး ကားလမ်းဖွင့်ပွဲကျင်းပ

မင်းတပ် ဧပြီ ၁၄

မင်းတပ်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်သော အွံ့-မကွီအိမ်နူးကျေးရွာချင်းဆက် တာချုံ့ခြင်းကားလမ်းဖွင့်ပွဲ အခမ်းအနားကို မတ် ၂၅ရက် နံနက် ၉နာရီက အွံ့ကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းငွေ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးအာရ်ကျန်ထန်းနှင့် ရပ်မိရပ်ဖ ဦးတာရှိန်းထွေတို့က အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(ခရိုင် ပြန်/ဆက်)

ကော့ကရိတ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် အမှတ် (၄) ရပ်ကွက် ပြည်သူများ ပူးပေါင်းဆောင်ရွက်သော ကော့ကရိတ်မြို့ အမှတ် (၄)ရပ်ကွက် အထက်ရွာလမ်း ဒုတိယပိုင်း ကတ္တရာလမ်းသစ်ဆောင်ရွက်နေမှုကို ဧပြီ ၂ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးလှမြင့်ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

အပူဒဏ်ကာကွယ်ရေးနှိုးဆော်ချက်(၂)

ဆေးရုံသို့အမြန်ပြသပါ

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက် နောက်ကျပါကအသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပြီးဖြစ်သော ပန်းစစ်ကျေးရွာရေထွက်မှ ခြောက်လက်မ ရေပိုက်များဖြင့် မြို့သို့သွယ်တန်းခြင်းလုပ်ငန်းကို မတ် ၂ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်လတ်နှင့် အမှုဆောင်အရာရှိ ဦးတင့်ဝေတို့ ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးနိုင်ဝင်းအောင် ရှင်းလင်းပြသစဉ်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့ယဉ်ကျေးမှုသင်္ကြန်

➤ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
➤ သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
➤ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

သတိ

၁။ လေပေါင်(၁၀၀)မှ (၁၅၀)အထိ အတင်အချပြုလုပ်၍ရသည့် ကွန်ပရက်ဆာပန့်များဖြင့် ရေပက်ကစားခြင်းကြောင့် ရေစူးအားပြင်းလွန်း၍ ရေပက်ခံသူတွင် အသားအရေများ ပွန်းပဲ့စုတ်ထွက်နိုင်ခြင်း၊ မျက်လုံးနှင့် နားများအား ထိုးမိပါက မျက်လုံးနှင့် နားကန်းနိုင်ခြင်း စသည့် အန္တရာယ်များဖြစ်စေနိုင်ပါသဖြင့် ရေကစားမဏ္ဍပ်များ၊ ရေပက်ခံကားများတွင် ကွန်ပရက်ဆာပန့်များ အသုံးပြု၍ ရေပက်ခြင်းမပြုရန် တားမြစ်သည်။
၂။ သင်္ကြန်ရေပက်ကစားခြင်းအား သင်္ကြန်ရက်များအတွင်း နေ့စဉ် နံနက် ၇နာရီမှ ညနေ ၆နာရီအတွင်းသာ ရေပက်ကစားကြရန်နှင့် ညနေ ၆နာရီနောက်ပိုင်း ရေပက်ကစားခြင်းမပြုရန် တားမြစ်သည်။
၃။ တားမြစ်ချက်များ ဖောက်ဖျက်ပါက တည်ဆဲဥပဒေအရ အရေးယူခံရမည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန် ဆင်နွှဲသူများလိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။
(ခ) ဗုဒ္ဓဘာသာယဉ်ကျေးမှု အဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။
(ဂ) အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။
(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကို ဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမူပြောဆို၊ ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

ရန်ကုန်တိုင်း မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

ရေခဲထုပ်၊ ရေပူဖောင်း ဆပ်ပြာရည်ဂက်စ်ဘူးဖြင့် ကစားက

၁။ လက်ဝယ်တွေ့ရှိသူ - ထောင်(၁)နှစ်
၂။ ကစားသူ - ထောင်(၃)နှစ်
၃။ ထုတ်လုပ်ရောင်းချသူ - ထောင်(၅)နှစ်နှင့် ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

သတိ

ရန်ကုန်မြို့တော်အတွင်း ဟွန်းမတီးရ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

သတိ

သင်္ကြန်ကာလအတွင်း အရက်/ဘီယာများအား မော်တော်ယာဉ်များဖြင့် လှည့်လည်ရောင်းချခြင်း၊ ရေကစားမဏ္ဍပ်များအနီးနှင့် အခြားနေရာများတွင် တရားမဝင်ရောင်းချခြင်းများ မပြုလုပ်ရန် တားမြစ်သည်။

ရန်ကုန်တိုင်း မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

ပြင်သစ်တွေးခေါ်ပညာရှင် ဗော်လ်တိုင်းယား

၂၁-၁၁-၁၆၉၄ - ၃၀-၅-၁၇၇၈

ကမ္ဘာ့အထင်ကရပုဂ္ဂိုလ်များ

တိုး-ရေးသားသည်

ဖရန်ကွိုင်မာရီအာရိုးမှာ ဗော်လ်တိုင်းယား ဟူသော ကလောင်အမည်ဖြင့် ထင်ရှားကျော်ကြားသည့် ၁၈ရာစု ပြင်သစ်လင်းပါးမှုခေတ် စာရေးဆရာနှင့် တွေးခေါ်ပညာရှင်ဖြစ်သည်။ ဘာသာရေးလွတ်လပ်မှု၊ လွတ်လပ်စွာ ကုန်သွယ်ရေးအပါအဝင် ပြည်သူ့အခွင့်အရေးများဘက်မှ ပြတ်သားစွာရပ်တည်မှု၊ ၁၈ရာစု ဥရောပ၏ မဖြစ်တန်ရာ အမှုကိစ္စများ၊ ရက်စက်ယုတ်မာသည့် လုပ်ရပ်များကို ဓားသွားကဲ့သို့ ထက်မြက်သော သူ့ကလောင်ဖြင့် လှောင်ပြောင်သရော် ထိုးနှက်မှုများကြောင့် ထင်ရှားသူဖြစ်သကဲ့သို့ သူသည် ၁၈ရာစု လင်းပါးမှုခေတ်ပညာရှင်များအုပ်စုတွင် အတော်ဆုံး၊ ဥရောပတိုက်၌ ဩဇာအရှိဆုံး ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်ဟူ၍ သတ်မှတ်ခံရသူဖြစ်သည်။

အထွေးဆုံးသား

နောင်တစ်ချိန်တွင် ဗော်လ်တိုင်းယားဟု ထင်ရှားမည့် ဖရန်ကွိုင်မာရီအာရိုးကို ၁၆၉၄ခုနှစ် နိုဝင်ဘာ ၂၁ရက်တွင် ပြင်သစ်နိုင်ငံ ပါရီမြို့၌ မွေးဖွားသည်။ ဖခင် ဖရန်ကွိုင်အာရိုးနှင့် မိခင်မာရီမာဂ်ီရစ်ဒီအော်မာ တို့၏ သားသမီးငါးဦးအနက် ဗော်လ်တိုင်းယားသည် အထွေးဆုံး သား ဖြစ်သည်။

တက်ရောက်ပညာသင်

ဗော်လ်တိုင်းယားသည် ၁၇၀၄ ခုနှစ်မှ ၁၇၁၁ ခုနှစ်အထိ လူဝီလီဂရန်ကောလိပ်တွင် တက်ရောက်ပညာသင်ခဲ့သည်။ ထိုကောလိပ်တွင် လက်တင်နှင့်ဂရိဘာသာတို့ကို လေ့လာသည်။ ယင်းနောက် သူသည် အီတလီ၊ စပိန်နှင့် အင်္ဂလိပ်ဘာသာစကားများကို ပိုင်နိုင်စွာ တတ်ကျွမ်းပြောဆိုနိုင်သည်။

ဆက်လက်ရေးသားပြုစု

သူသည် ကျောင်းမှထွက်ပြီးနောက် စာရေးဆရာတစ်ဦးအဖြစ် ရပ်တည်ရန်ဆုံးဖြတ်သည်။ ဖခင်ဖြစ်သူက သူ့ကို ရှေ့နေဖြစ်စေလိုသည်။ ဖခင်၏ ဆန္ဒအရ ပါရီမြို့၌ ရှေ့နေတစ်ဦးထံ လက်ထောက်အဖြစ် ဆည်းပူး လေ့လာဟန်ဆောင်နေစဉ် ဗော်လ်တိုင်းယားသည် ကဗျာရေးခြင်းဖြင့် အချိန်ကုန်လွန်စေခဲ့သည်။ အခြေအနေမှန်ကို ဖခင်ဖြစ်သူက သိသွားသဖြင့် ဥပဒေပညာ ဆည်းပူးရန် ဗော်လ်တိုင်းယားကို နော်မန်ဒီသို့ စေလွှတ်ပြန်သည်။ မည်သို့ပင်ဖခင်ဖြစ်သူက စီမံစေကာမူ ဗော်လ်တိုင်းယားသည် ဆောင်းပါးများ၊ သမိုင်းဝင်စာတမ်းများ အပါအဝင် စာပေများ ဆက်လက်ရေးသားပြုစုသည်။

အပြောင်မြောက်ဆုံးလက်ရာ

ပြဇာတ်ရေးဆရာ၊ ကဗျာဆရာ၊ ဝတ္ထုရေးဆရာ၊ သရော်စာရေးသားသူ၊သမိုင်းပညာရှင်၊ တွေးခေါ်ပညာရှင်

ဖြစ်ရုံမျှမက သူ့ခေတ်သူ့အခါက ဘက်စုံပင်ကိုစွမ်းရည်ရှိသည့် ပါရမီရှင်တစ်ဦးအဖြစ် ထင်ရှားသူဖြစ်သည်။ သူ၏ ဟာသဉာဏ်က သူကိုယ်တိုင် ကျင်လည်ကျက်စားမည့် မဟာဆန်သောမိသားစု အသိုင်းအဝိုင်းအတွင်းတွင် သူ့ကို လူသိထင်ရှား ဖြစ်စေသည်။ သူ၏ စာပေလက်ရာ အများအပြားအနက် ကင်ဒီဒိတ်(၁၇၅၉ခုနှစ်) သရော်စာမှာ ပါးနပ်စွာရေးဖွဲ့ထားသည့် အပြည့်စုံဆုံး၊ အတိုဆုံး၊ အရှင်းဆုံး၊ အပြောင်မြောက်ဆုံး လက်ရာဖြစ်သည်။

တိုက်ဖျက်

သက်ဦးဆံပိုင်ဘုရင်စနစ်၏ တစ်ဖက်သတ်ဆန်မှု တိုက်ဖျက်ရာတွင် သူ၏ ကလောင်သရော်ချက်ကြောင့် ဘတ်စတီးအကျဉ်းထောင်သို့ ရောက်ခဲ့ဖူးသည်။

ဗော်လ်တိုင်းယားအား နယ်သာလန်နိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီး၏ အတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်ရန် သူ့ဖခင်က အလုပ်ရှာပေးသည်။ ထိုအခါ ဗော်လ်တိုင်းယားသည် ကက်သရင်းအိုလင့်ဒန်နွိုင်းဟူသော ပြင်သစ်ဒုက္ခသည် အမျိုးသမီးနှင့် တွေ့ဆုံပြီး ချစ်ကြိုက်ခဲ့ကြသည်။ ဤတစ်ကြိမ်တွင် ဖခင်က သူ့ကို ပြင်သစ်သို့ ပြန်ခေါ် လိုက်ရသည်။

ဂုဏ်ပြု

သူ့ကလောင်ကြောင့် သူ့ကို လန်ဒန်သို့ ၁၇၂၆ ခုနှစ်တွင် ပြည်နှင်ဒဏ်ပေးလိုက်သည်။ သုံးနှစ်ကြာနေထိုင်ပြီး ပြင်သစ်သို့ ပြန်ရောက်လာသည်။ အင်္ဂလန်၏ အသိဉာဏ်ပွင့်လင်းမှုနှင့် ပြင်သစ်၏ချုပ်ချယ်မှုတို့အကြား ကွာဟမှုက ဗော်လ်တိုင်းယားအား တပ်လှန့် နှိုးဆော်သကဲ့သို့ ဖြစ်ပြန်သည်။ ၁၇၅၉ခုနှစ်တွင် ပြင်သစ်ပိုင် ဖာနီ၌ အခြေချသည်။ အသက် ၈၃နှစ်အရွယ်တွင် ပါရီသို့ ပြန်လာပြီး ၁၇၇၈ ခုနှစ် မေလ ၃၀ရက်၌ ကွယ်လွန်ခဲ့သည်။ ပြင်သစ်တော်လှန်ရေးသမားများ ဗိမာန်အနီးတွင် ဗော်လ်တိုင်းယား ဂူဗိမာန်ကိုတည်ဆောက်ကာ သူ့ကို ဂုဏ်ပြုထားပေးသည်။ ။ **(အင်တာနက်)**

ပြဇာတ်ရေးဆရာ၊ ကဗျာဆရာ၊ ဝတ္ထုရေးဆရာ၊ သရော်စာ ရေးသားသူ သမိုင်းပညာရှင်၊ တွေးခေါ်ပညာရှင် ဖြစ်ရုံမျှမက သူ့ခေတ်သူ့အခါက ဘက်စုံပင်ကိုစွမ်းရည်ရှိသည့် ပါရမီရှင်တစ်ဦး အဖြစ် ထင်ရှားသူဖြစ်။

ဘဝအမောပြေ

သိချင်လို့ပါ....

နေ့စဉ် ပန်းစည်းလက်ဆောင်ပေးပြီး ချစ်ရေးဆိုနေသူ အမျိုးသား တစ်ဦးက တစ်နေ့၌ ၎င်း၏ မိန်းကလေးအား အောက်ပါအတိုင်း မေးမြန်းလေသည်-

အမျိုးသား ။ ။ နေ့တိုင်း ချစ်ခွင့်တောင်းနေတာ သုံးနှစ်ပြည့်တော့မယ် နော်။
မိန်းကလေး။ ။ အင်း....။
အမျိုးသား ။ ။ ကိုယ့်ကို အဖြေပေးပါတော့ကွာ။
မိန်းကလေး။ ။ စဉ်းစားလို့ မရသေးပါဘူး။
အမျိုးသား ။ ။ ဘာဖြစ်လို့လဲ။ ပြောပါဦး....။
မိန်းကလေး။ ။ သိချင်တာတွေ ရှိနေလို့ပါ။
အမျိုးသား ။ ။ ကိုယ့်အကြောင်းလား။
မိန်းကလေး။ ။ အင်း....။
အမျိုးသား ။ ။ ယုံကြည်ပါကွာ။ ကိုယ်ဟာ လူကောင်းတစ်ဦးပါ။
မိန်းကလေး။ ။ အဲဒါ မဟုတ်ပါဘူး။
အမျိုးသား ။ ။ ဒါဆို ဘာသိချင်တာလဲ ပြောလေ....
မိန်းကလေး။ ။ ရှင့်ရဲ့ ဘဏ်စာအုပ်ပါ။
အမျိုးသား ။ ။ "ဟေ"

ဘဝဒဿန

Men with a clear conscience seldom fear anything.

မိမိကိုယ်ကို လိပ်ပြာသန့်သူများသည် အရာရာ၌ ကြောက်ရွံ့စိတ် နည်းပါးလေ့ရှိတတ်ကြသည်။

Jealousy is temporary insanity.

မနာလိုမှုသည် ယာယီရူးသွပ်ခြင်းပင်ဖြစ်၏။ (ဘားနက်ရှော)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်ဆိုသူများ

တိုး၊ မောင်မောင်ဆွေ၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ တင်မာဝင်းနှင့် မြကေခိုင်စိုး

ကမ္ဘာတစ်လွှားထူးထူးခြားခြား ကမ္ဘာတစ်လွှားထူးထူးခြားခြား ကမ္ဘာတစ်လွှားထူးထူးခြားခြား

စုစည်းတင်ပြသူ-မောင်မောင်မြင့်ဆွေ စာမျက်နှာဖွဲ့စည်းမှု-ဇော်ထွန်းဦး (မြန်မာ့အလင်း)

ကမ္ဘာ့အမြင့်ဆုံး ကြိုးတံတား

ပြင်သစ်နိုင်ငံ မြို့တော်ပါရီနှင့် မြေထဲပင်လယ်အကြား ဆက်သွယ်တည်ဆောက်ထားသော သံမဏိကြိုးဆိုင်းတံတားဖြစ်သည်။ဒီဇိုင်းပုံစံ ထူးခြားစွာ တည်ဆောက်ထားခြင်းဖြစ်သည်။ ဒီဇိုင်းပညာရှင်မှာ ဖော်စတာနှင့် ပါတနာတို့ဖြစ်ပြီး မြေပြင်မှ အမြင့် ၁၀၉၅ပေကျော်ရှိရာ ကမ္ဘာပေါ်၌ အမြင့်ဆုံး ကြိုးတံတားတစ်စင်းဖြစ်သည်။ ယခင်က ကမ္ဘာ့အမြင့်ဆုံး ကြိုးတံတားမှာ ဂျပန်နိုင်ငံမှဖြစ်ပြီး မြေပြင်မှအမြင့်ပေ ၉၇၄ ဒသမ ၅ လက်မ ရှိကြောင်း သိရသည်။

(အောက်ပုံ) (အင်တာနက်)



ကမ္ဘာ့အမြန်ဆုံးမောင်းနှင်နိုင်သည့် မော်တော်ယာဉ်

ဂျာမနီနိုင်ငံ ဝုဖ်ဘတ်မြို့ရှိ ဘောက်စ်ဝက်ဂွန်း မော်တော်ကား ကုမ္ပဏီမှ ထုတ်လုပ်သည့် မော်တော်ယာဉ်မှာ တစ်နာရီ ကီလိုမီတာ ၄၀၀ အထိ မောင်းနှင်နိုင်သည်။ အင်ဂျင်စွမ်းအားပြည့် မောင်းနှင်ပါက တစ်နာရီ ၁၂၂၇ ကီလိုမီတာ (၇၆၃ ဒသမ ၀၃၅ မိုင်)အထိ မောင်းနှင်နိုင်သည်။ ယင်းမော်တော်ကားကို မောင်းနှင်စဉ် လေထု ဟန့်တားမှု မရှိနိုင်အောင် ဒီဇိုင်းထုတ်လုပ်ထားခြင်းဖြစ်ရာ ကမ္ဘာပေါ်တွင် အမြန်ဆုံး မောင်းနှင်နိုင်သည့် မော်တော်ယာဉ် ဖြစ်သည်။

(အပေါ်ပုံ) (အင်တာနက်)

အလေးချိန်အများဆုံး မော်တော်ယာဉ်ကို ဆွဲပြနိုင်သူ

အမေရိကန်နိုင်ငံ နယူးယောက်မြို့သား ကိုလင်းအမည်ရှိ အမျိုးသားတစ်ဦးသည် အလေးချိန် ၃၀ ဒသမ ၆၈ တန်လေးသော ထရပ်ကားတစ်စီးကို ကြိုးဖြင့်ဆွဲကာ အကွာအဝေးပေ ၁၀၀ ကျော်အထိ ဆွဲပြနိုင်ခဲ့ကြောင်း၊ မစ္စတာကိုလင်းသည် ကမ္ဘာပေါ်တွင် အလေးချိန်အများဆုံးမော်တော်ယာဉ်ကို သူ၏ခါး၌ ကြိုးဖြင့် ချည်နှောင်ကာ သွားလာနိုင်ကြောင်း အမေရိကန် အရာရှိများက ပြောကြားသည်။ ။ **(အောက်ပုံ)**

(အင်တာနက်)

15-4 (15).pmd 1 4/15/2010, 2:14 AM

အမကကျောင်းဆောင်လွှဲပြောင်းပေးအပ်ပွဲ ကျိုက်ထိုမြို့နယ်၌ ကျင်းပ

ကျိုက်ထို ဧပြီ ၁၀

ကျိုက်ထိုမြို့နယ် အင်္ဂဘိုကျေးရွာအုပ်စု မဲရုံးလေးကျေးရွာတွင် အမကကျောင်းဆောင်ပြုပြင်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မတ် ၂၄ရက်က အဆိုပါ ကျောင်းဆောင်၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ မဲရုံးလေးကျေးရွာ အမကကျောင်းဆောင်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်ဝင်း၊ အတွင်းရေးမှူးဦးကျော်စိုးပိုင်၊ ဝေးလံမြို့နယ်များ ဖွံ့ဖြိုးရေးစီမံကိန်း မြို့နယ်တာဝန်ခံ ဦးဇော်ထွန်းဦး၊ မြို့နယ်လက်ထောက်ပညာရေးမှူး ဦးခင်မောင်ရီနှင့် ကျောင်းဆောက်လုပ်ရေးကော်မတီဝင် ဦးစံအေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်ဝင်း၊ အတွင်းရေးမှူး ဦးကျော်စိုးပိုင်၊ ဝေးလံမြို့နယ်များ ဖွံ့ဖြိုးရေးစီမံကိန်း မြို့နယ်တာဝန်ခံ ဦးဇော်ထွန်းဦးနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ညွန့်တို့က အမှာစကားပြောကြားကြသည်။ ထို့နောက် ကျောင်းဆောက်လုပ်ရေး ကော်မတီက ကျောင်းဆောင်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို မြို့နယ်လက်ထောက်ပညာရေးမှူး ဦးခင်မောင်ရီထံ လွှဲပြောင်းပေးအပ်သည်။

ကျေးဇူးတင်စကား

ထို့နောက် ကျေးရွာ ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ အဆိုပါ ကျောင်းဆောင်သည် အုတ်၊ သွပ်မိုးဖြစ်ပြီး အလျားပေ ၆၀၊ အနံပေ ၃၀၊ အမြင့် ၁၂ပေရှိကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

(ဝဲအပေါ်ပုံ)

အမြို့မြို့ အနယ်နယ် သတင်း ထွေတလာ

ကျောက်ချောလမ်းခင်း

ဆီဆိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော တန်းယဉ်ရွာ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂၆ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်း ကွင်းဆင်းကြည့်ရှုရာ အမှုဆောင်အရာရှိ ဦးခင်မောင်ခ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မကွေးတိုင်း ပေါက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော ပန်းခြံလမ်း ကတ္တရာလမ်းသစ်ကို မတ် ၂၃ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန့်ဇင်နှင့် အမှုဆောင်အရာရှိ ဦးဌေးဝင်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ပြည်သူ့အလင်းရောင်စာကြည့်တိုက်အဆောက်အအုံသစ် ဒလမြို့နယ် ကမာကသွယ်တွင်ဖွင့်လှစ်

ရန်ကုန် ဧပြီ ၁၃

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ကမာကသွယ်ရပ်ကွက်တွင် နိုင်ငံတော်မတည်ငွေနှင့် ပြည်သူထည့်ဝင်လှူဒါန်းငွေဖြင့် တည်ဆောက်ခဲ့သည့် ကျပ် ၂၅သိန်းတန် ပြည်သူ့အလင်းရောင် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို မတ်၃၀ရက် နံနက် ၁၀နာရီက အဆိုပါ အဆောက်အအုံသစ်ရှေ့၌ ကျင်းပသည်။

ဖွင့်လှစ်

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဝင်းဌေး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးအေးသောင်း၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွန်းလွင်နှင့် ရပ်မိရပ်ဖ ဦးမောင်ထူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အောက်ပုံ)

လှူဒါန်း

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဝင်းဌေးက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးအေးသောင်းက စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး၊ စာဖတ်ရှိန်မြင့်မားရေး၊ စာအုပ်စာစောင်တိုးပွားရေး၊ ရန်ပုံငွေရရှိရေးများကို ဟောပြောခဲ့ပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အလှူရှင်များက စာအုပ်စာစောင်များ လှူဒါန်းကြသည်။ (မြို့နယ် ပြန်/ ဆက်)

ကလေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် အဖွဲ့ပိုင်မြို့မဈေး၊ ပင်လုံဈေးများ မီးဘေးလုံခြုံရေးအတွက် သရုပ်ပြလေ့ကျင့်ခြင်းကို ခရိုင်/ မြို့နယ် မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်များ၊ ဈေးမိဈေးဖများ၊ မြို့နယ်စည်ပင်မှဝန်ထမ်းများ၊ စုစုပေါင်းအင်အား ၅၀ခန့်ဖြင့်ဆောင်ရွက်ရာ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမိုးဟိန်းနှင့် ခရိုင်မီးသတ်ဦးစီးမှူး ဦးဌေးဝေနှင့် ဒုတိယဦးစီးမှူး (ဈေး) ဦးဇော်ဇော်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပြည်ထောင်စုဖွား
သွေးချင်းများ
တားဆီးကာကွယ်
မီးရန်စွယ်

ပညာပေးနှိုးဆော်ချက်အမှတ်-၁
ငါးရစ်ငါးသန်ဘေးမဲ့ချန်၊ ပုံမှန်စားသုံး မျိုးမသုဉ်း

မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်၊ ချောင်း၊ အင်းအိုင်အနှံ့အပြား၌ မျိုးရည်ပြည့်ဝသော ငါးထီးကြီးများနှင့် ဥများဖြင့် ပြည့်နေသော ငါးမကြီးများသည် ဥချရန် နေရာရှာဖွေ၍ ငါးရစ်တက်ကြသည်။

ထိုငါးရစ်တက်ငါးများကို ဖမ်းဆီးလိုက်ပါက ပေါက်ဖွားလာမည့် သန်းပေါင်းများစွာသော ငါးသားပေါက်လေးများသည်လည်း သေကျေပျက်စီးကာ တစ်နိုင်ငံလုံး ဖူလုံစွာ စားသုံးမှုနှင့် အမျိုးသားစီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူမပြုနိုင်တော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်သည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာ အမှတ်(၂/၉၂)ဖြင့် ငါးရစ်၊ ငါးသန်ရာသီချိန်များတွင် ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး ငါးများဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားသည်။ အဆိုပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ(၄၅)အရ ဖမ်းဆီးတရားစွဲဆို အပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားသည်။

သို့ပါ၍ ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီအချိန်များတွင် လွတ်လပ်စွာ ဥချသားပေါက်နိုင်ရန် ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

နွယ်ရတနာ စာကြည့်တိုက်အဆောက်အအုံ ချောင်းဦးမြို့နယ် နွယ်ခွေကျေးရွာ၌ဖွင့်

ချောင်းဦး ဧပြီ ၅

စစ်ကိုင်းတိုင်း မုံရွာခရိုင် ချောင်းဦးမြို့နယ် နွယ်ခွေကျေးရွာအုပ်စု နွယ်ခွေကျေးရွာ နွယ်ရတနာ စာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲ အခမ်းအနားကို မတ် ၂၆ရက်က ကျင်းပသည်။

မတည်ငွေ

နွယ်ရတနာ စာကြည့်တိုက်ကို နိုင်ငံတော်မတည်ငွေဖြင့် ဆောက်လုပ်ခဲ့ပြီး အဆောက်အအုံကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဌေးဝင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဖြိုးမင်းထိုက်နှင့် နွယ်ခွေကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်ရွှေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(အောက်ပုံ)

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးဖြိုးမင်းထိုက်က အဖွင့်အမှာစကား ပြောကြားပြီး ဆက်လက်၍ ခရိုင်ဦးစီးအရာရှိ ဦးဌေးဝင်းက ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး အကြောင်း ရှင်းလင်းဆွေးနွေးသည်။

လှူဒါန်း

ထို့နောက် နွယ်ရတနာစာကြည့်တိုက် အဆောက်အအုံနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးမြင့်ရွှေက ပေးအပ်ရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဖိုးချိုက လက်ခံယူသည်။ ဆက်လက်၍ ခရိုင်ဦးစီးအရာရှိ ဦးဌေးဝင်းက စာကြည့်တိုက်အတွက် စာအုပ်များ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူး ဒေါ်ဌေးဌေးကြိုင်က လက်ခံယူသည်။ ထို့နောက် မြို့နယ်အဆင့် ဌာနဆိုင်ရာများကိုယ်စား ကျေးရွာအုပ်စု နယ်မြေတာဝန်ခံ မြန်မာ့ဝါနှင့်ပိုးချည်လုပ်ငန်း မန်နေဂျာ ဦးနိုင်ဝင်းကလည်းကောင်း၊ ကျေးရွာအုပ်စု အလှူရှင်များကိုယ်စား စာကြည့်တိုက် ဆောက်လုပ်ရေးကော်မတီဝင် ဦးကျော်မြင့်ကလည်းကောင်း စာအုပ်များ ပေးအပ်လှူဒါန်းပြီး တွဲဖက်စာကြည့်တိုက်မှူး ဦးမျိုးမင်းသန့်က လက်ခံယူသည်။ ထို့နောက် စာကြည့်တိုက် ကော်မတီဝင် ဦးရွှေမောင်က ကျေးဇူးတင်စကား ပြောကြားသည်။ (မြို့နယ် ပြန်/ဆက်)

အုတ်ဖိုဒ်သုတဘာဏ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့် ရုပ်မြင်သံကြားပြစက်၊ ဒီဗွီဒီနှင့် စာအုပ်စာစောင်ပေးအပ်လှူဒါန်း

အုတ်ဖို ဧပြီ ၁၂

ပဲခူးတိုင်း(အနောက်ပိုင်း)သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျက်ဆူတောကျေးရွာ သုတဘာဏ်စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၀ရက် နံနက် ၈နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ဖြစ်ပေါ်လာပုံ

အခမ်းအနားတွင် ပဲခူးတိုင်း(အနောက်ပိုင်း)ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးတင်အောင်ညွှန့်က အဖွင့်အမှာစကားပြောကြားပြီး ကျေးရွာစာကြည့်တိုက် အဆောက်အအုံဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်လှိုင်က စာကြည့်တိုက်ဖြစ်ပေါ်လာပုံနှင့် ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်တပ်ဖွဲ့ဝင်များက စာကြည့်တိုက်အတွက် ၂၁ လက်မရောင်စုံရုပ်မြင်သံကြားပြစက်တစ်လုံးနှင့် ဒေါ်ခင်မာချို(အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) မိသားစုက ဒီဗွီဒီပြစက်တစ်လုံးကိုလည်းကောင်း၊ ခရိုင်ဦးစီးအရာရှိ ဒေါ်တင်တင်ဝင်းက စာအုပ်စာစောင်မျိုးစုံ အုပ် ၁၀၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ ဥက္ကဋ္ဌ ဦးခင်လှိုင်က လက်ခံယူသည်။

ဖွင့်လှစ်

ထို့နောက် တိုင်းဦးစီးမှူး ဦးတင်အောင်ညွှန့်၊ မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းဇော်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးခင်လှိုင်တို့က စာကြည့်တိုက်အဆောက်အအုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**

ကုန်ကျငွေ

အဆိုပါစာကြည့်တိုက်ကို ကျေးရွာပြည်သူများ စုပေါင်းဆောက်လုပ်လှူဒါန်းခဲ့ကြပြီး စုစုပေါင်းတန်ဖိုးငွေကျပ် ၁၁ သိန်းခန့် ကုန်ကျခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

ဝါးခယ်မမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးသည့် ကျေးလက်လမ်းဖြစ်သော အူကျွန်း-ကံကွင်းကျေးရွာချင်းဆက် ကျောက်ချောလမ်းဖွင့်ပွဲကို မတ် ၂၁ရက်ကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဇော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှဦးနှင့်အူကျွန်းကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးကျော်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

(၅၂)ကြိမ်မြောက် သွေးလှူဒါန်း

စဉ့်ကူး ဧပြီ ၁၀

စဉ့်ကူးမြို့ အမှတ် (၂)ရပ်ကွက်မှ ဦးခင်မောင်လေး**(အပေါ်ပုံ)**သည် စဉ့်ကူးမြို့နယ် ပြည်သူ့ဆေးရုံသို့ မတ် ၂၀ရက်က (၅၂)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပြင်ဦးလွင် စာပေနှင့်စာနယ်ဇင်းအဖွဲ့ တွေ့ဆုံဆွေးနွေး

ပြင်ဦးလွင် မတ် ၂၉

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ဦးခင်မောင်ထွန်း (လမ်းမတော်) နှင့် ပြင်ဦးလွင်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲကို မတ် ၁၇ရက်က ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ဆွေးနွေး

တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ဦးခင်မောင်ထွန်း(လမ်းမတော်)က ပဋ္ဌမအကြိမ် စာပေညီလာခံကျင်းပရေးနှင့် ဆောင်ရွက်ထားရှိမှု လုပ်ငန်းများ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပူးပေါင်းပါဝင်လှုပ်ရှားရေး၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ရုံးခန်းနေရာအတွက် မြေနေရာရရှိရေး၊ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များအတွက် သာရေးနာရေး ရန်ပုံငွေရှာဖွေရေးနှင့် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့်ပူးပေါင်း၍ စည်းလုံးစွာနေထိုင်ရေးကိစ္စရပ်များ ဆွေးနွေးကြသည်။ **(အောက်ပုံ)** **(ဝ၈၈)**

ဓာတ်ဆီဖြည့်မှုသတိပြု

ပူပြင်းသောရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု **(Friction)**မှ သဘာဝတည်ငြိမ်လျှပ်စစ်**(Static Electricity)**တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။

မီးသတိပြု

မြို့တွင်းလမ်းများ ကတ္တရာလမ်းဖြစ်မြောက်ရေး စီမံချက်အရ ကျောက်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် မြို့ပြအနော်ရထာလမ်း ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို မတ်၂၃ရက်က အမှုဆောင်အရာရှိ ဦးကျော်စွာလင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမြတ်စိုးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဟိုပန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ နတ်သျှင်နောင်လမ်း ကတ္တရာထပ်ပိုးလွှာခင်း

ဟိုပန် ဧပြီ ၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဟိုပန်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်သည့် ဟိုပန်မြို့ မန်ခွန်ရပ်ကွက် နတ်သျှင်နောင်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ဖေဖော်ဝါရီ ၂၇ရက်က ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်တင့်က ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြကြောင်း သိရသည်။**(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)**

ကျေးရွာစာကြည့်တိုက်အဆောက်အအုံအတွက် အလှူငွေနှင့် ပစ္စည်းများခန့်ကို ပေးအပ်လှူဒါန်း

ခန္တီး ဧပြီ ၈

စစ်ကိုင်းတိုင်းဖွံ့ဖြိုးမှုရန်ပုံငွေမှ လှူဒါန်းမှုဖြင့် ဆောက်လုပ်လျက်ရှိသည့် ခန္တီးမြို့နယ် မင်းဆင်ကျေးရွာ လင်းစံအိမ်စာကြည့်တိုက်အတွက် အလှူငွေနှင့်ပစ္စည်းများပေးအပ် လှူဒါန်းပွဲအခမ်းအနားကို မတ်၈ရက်နံနက်၉နာရီက အဆိုပါကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ခန္တီးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်ကျော်က ကျေးရွာစာကြည့်တိုက်များကို သတ်မှတ်စံ(၅)ချက်နှင့်အညီ ရှင်သန်ခိုင်မာရေးဆောင်ရွက်ရန်၊ ငွေကြေးပါသောစာငှားကတ်စနစ်ထူထောင်ခြင်းဖြင့် စာဖတ်သူ စာငှားသူများဖြင့် သက်ဝင်လှုပ်ရှားနေသောစာကြည့်တိုက်များဖြစ်အောင် ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။ ဆက်လက်၍ စစ်ကိုင်းတိုင်းဖွံ့ဖြိုးမှုရန်ပုံငွေမှ လှူဒါန်းငွေကျပ်ငါးသိန်းကို မြို့နယ်ဦးစီးမှူးဦးမြင့်သိန်းစိုးက ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးနေဝင်းကလည်းကောင်း၊ ကျေးရွာသူကျေးရွာသားများက အလှူငွေကျပ်ငါးသိန်းနှင့် ဘိလပ်မြေ ရှစ်အိတ်ကို ရပ်မိရပ်ဖဦးကျော်အောင်ကပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ဆောက်လုပ်မှုလုပ်ငန်းကော်မတီဝင် ဦးစိုင်းကျော်ခင်က လက်ခံယူသည်။ ***(ခရိုင် ပြန်/ဆက်)***

ပဲခူးတိုင်း မင်းလှမြို့နယ် ပြန်/ဆက်ဦးစီးဌာန နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲဖွင့်

မင်းလှ ဧပြီ ၁၃

ပဲခူးတိုင်း(အနောက်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မင်းလှမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျင်းပသည့် နံရံကပ် စာစောင်နှင့် ဓာတ်ပုံပြပွဲ ဖွင့်ပွဲအခမ်းအနားကို မတ် ၁၈ ရက် နံနက်၁၀နာရီက အဆိုပါ မြို့နယ်ရုံးရှေ့၌ကျင်းပရာ တိုင်းဦးစီးမှူးဦးတင်အောင်ညွှန့်က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေး သည်။**(ဝဲပုံ)**

ကြည့်ရှုအားပေး

ထို့နောက် တိုင်းဦးစီးမှူးနှင့် ခရိုင်ဦးစီးအရာရှိတို့က ခင်းကျင်းပြသထားသော နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲကို ကြည့်ရှုအားပေး၍ လိုအပ်သည်များ ဆွေးနွေးခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ
လေလိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

မဟာသင်္ကြန်အကျနေ့တွင် နိုင်ငံတစ်ဝန်း တိုင်းရင်းသားပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားကြပြီး နှစ်သစ်ကူးသင်္ကြန်ပွဲတော်ကို ဆင်နွှဲလျက်ရှိ

နေပြည်တော် ဧပြီ ၁၄

မြန်မာတို့၏ နှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော်ကို နှစ်သစ်ကူးတန်ခူးလတွင် နှစ်စဉ်နှစ်တိုင်း စည်ကားသိုက်မြိုက်စွာ ပျော်ပျော်ရွှင်ရွှင် ဆင်ယင်ကျင်းပလျက်ရှိရာ ယခုနှစ် မဟာသင်္ကြန်အကျနေ့၌ ပျော်ရွှင်စွာ ရေကစားကြသူများ၊ အပန်းဖြေ အနားယူကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

၁၃၇၁ခုနှစ် နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်၌ ယနေ့(**သင်္ကြန်အကျနေ့**)တွင် ပျော်ရွှင်စွာရေကစားကြသူများဖြင့် စည်ကားလျက်ရှိပြီး သင်္ကြန်ချစ်သူ ပြည်သူများအား The Aces တေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ ဝန်ကြီးဌာနများနှင့် ဟိုတယ်ဇုန်ရှိ ရေကစားမဏ္ဍပ်များမှ သင်္ကြန်ယိမ်းအကအဖွဲ့များက အလှည့်ကျသီဆို ကပြဖျော်ဖြေလျက်ရှိရာ အထူးစည်ကားလျက်ရှိသည်။ *စာမျက်နှာ ၆ ကော်လံ ၁* ❐

ဝှဲချီးဆင်နွှဲ နေပြည်တော်အတာပွဲ

ခါသင်္ကြန်ဆောင်းပါး - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံလက်ရာ - သတင်းထောက် လေးနွယ်(မင်္ဂလာဒုံ)
စာမျက်နှာဖွဲ့စည်းမှု - မင်းထွန်း (မြန်မာ့အလင်း)

နေပြည်တော် ဧပြီ ၁၄

နေပြည်တော်၏မဟာသင်္ကြန်အကျနေ့။ အမိုးဖွင့်မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များဖြင့် ရေပက်ခံထွက်လာကြသည့် နေပြည်တော်ရှိ ပြည်သူများကား မဏ္ဍပ်တိုင်း၊လမ်းတိုင်းတွင် ပျားပန်းခပ်မျှ မောင်းနှင်သွားလာကာ ရေပက်ခံထွက်နေကြပြီဖြစ်သည်။ သင်္ကြန်အပျော်တေးသံများ၊ သင်္ကြန်မဏ္ဍပ်များမှ သင်္ကြန်ဖျော်ဖြေရေး သီချင်းသံများက နေပြည်တော် တစ်ခွင် လွှင့်ပျံ့နေပြီဖြစ်သည်။ *စာမျက်နှာ ၇ ကော်လံ ၁* ●

သင်္ကြန်အကျနေ့၌ နေပြည်တော်ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်မဏ္ဍပ်၌ ရေပက်ခံမော်တော်ယာဉ်များဖြင့် ရေပက်ခံထွက်လာကြသူများကို ဤသို့တွေ့ရသည်။